# စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅ ။)**

**၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်**

**(၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြန်ကြားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီး ဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန သို့မဟုတ် ပညာရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **အေဂျင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီကို ဆိုသည်။

(စ) **ဦးစီးဌာန** ဆိုသည်မှာ ဝန်ကြီးဌာနက မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန် တာဝန် ပေးအပ်သော ဦးစီးဌာနကို ဆိုသည်။

(ဆ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သည့် ဦးစီး ဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဇ) **မူပိုင်ခွင့် (Intellectual Property Rights)** ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ်ဖြင့်ပြုလုပ်သော တီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရ ပေးအပ်သည့် အခွင့်အရေးကို ဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့်အနုပညာမူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်၊ ကုန်အမှတ် တံဆိပ် မူပိုင်ခွင့်နှင့် အခြားသော မူပိုင်ခွင့်အမျိုးအစားများလည်း ပါဝင်သည်။

(ဈ) **စာပေနှင့်အနုပညာမူပိုင်ခွင့်** ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာ၏ မူလလက်ရာရှင်က ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီရရှိသော စာပေနှင့်အနုပညာဆိုင်ရာ သီးသန့်အခွင့်အရေးများကို ဆိုသည်။

Myanmar Law Information System (MLIS)

(ည) **ဆက်နွှယ်သည့်အခွင့်အရေး** ဆိုသည်မှာ ဤဥပဒေပါ အခန်း (၁၄) တွင် ပြဋ္ဌာန်းထားသည့် ဖျော်ဖြေသူများ၊ ဖိုနိုဂရမ်ထုတ်လုပ်သူများနှင့် ထုတ်လွှင့်သည့် အဖွဲ့အစည်းများ၏ သီးသန့်အခွင့်အရေး များကို ဆိုသည်။

(ဋ) **စာပေ သို့မဟုတ် အနုပညာလက်ရာ** ဆိုသည်မှာ ပုဒ်မ ၁၃ နှင့် ပုဒ်မ ၁၅ တို့တွင် ဖော်ပြထားသော စာပေ သို့မဟုတ် အနုပညာလက်ရာများနှင့် ဆင့်ပွားလက်ရာများကို ဆိုသည်။

(ဌ) **မူလလက်ရာရှင်** ဆိုသည်မှာ ဤဥပဒေအရ အကာအကွယ်ပေးခြင်းခံရသော စာပေ သို့မဟုတ် အနုပညာလက်ရာတစ်ရပ်ရပ်ကို မိမိ၏ကိုယ်ပိုင် စိတ်ကူးဉာဏ်ဖြင့် ဖန်တီးပြုလုပ်သည့် လူပုဂ္ဂိုလ်ကို ဆိုသည်။

(ဍ) **စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင်** ဆိုသည်မှာ အောက်ပါပုဂ္ဂိုလ်တစ်ဦးဦး၊ ထိုသူ၏ အမွေဆက်ခံသူ သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းတစ်ခုခုကို ဆိုသည်-

(၁) မူလလက်ရာရှင်၊

(၂) စီးပွားရေးဆိုင်ရာအခွင့်အရေးများကို မူလကပင် အလိုအလျောက်ရရှိထားပြီးဖြစ်သည့် မူလ လက်ရာရှင် မဟုတ်သော လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်း၊

(၃) စီးပွားရေးဆိုင်ရာအခွင့်အရေးများကို ပိုင်ဆိုင်သူအဖြစ် ဥပဒေနှင့်အညီ လွှဲပြောင်းပေးခြင်းခံရသော လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်း။

(ဎ) **ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်** ဆိုသည်မှာ အောက်ပါပုဂ္ဂိုလ်တစ်ဦးဦး၊ ထိုသူ၏ အမွေ ဆက်ခံသူ သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းတစ်ခုခုကို ဆိုသည်-

(၁) ဖျော်ဖြေသူ၊ ဖိုနိုဂရမ် ထုတ်လုပ်သူနှင့် ထုတ်လွှင့်သည့်အဖွဲ့အစည်း၊

(၂) စီးပွားရေးဆိုင်ရာအခွင့်အရေးများကို မူလကပင် အလိုအလျောက် ရရှိထားပြီးဖြစ်သည့် ဖျော်ဖြေသူ၊ ဖိုနိုဂရမ် ထုတ်လုပ်သူနှင့် ထုတ်လွှင့်သည့် အဖွဲ့အစည်းမဟုတ်သော လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင် တည်ထောင်ထားသော အဖွဲ့အစည်း၊

(၃) စီးပွားရေးဆိုင်ရာအခွင့်အရေးများကို ပိုင်ဆိုင်သူအဖြစ် ဥပဒေနှင့်အညီ လွှဲပြောင်းပေးခြင်းခံရသော လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်း။

(ဏ) **အခွင့်အရေးရရှိသူ** ဆိုသည်မှာ စာပေနှင့်အနုပညာမူပိုင်ခွင့် ရရှိသည့် မူလလက်ရာရှင် သို့မဟုတ် စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်ကို ဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးကို လွှဲအပ် လုပ်ကိုင်ခွင့်ပေးခြင်းခံရသူ၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရသူနှင့် တရားဝင် အမွေဆက်ခံသူလည်း ပါဝင်သည်။

(တ) **ဖျော်ဖြေသူ** ဆိုသည်မှာ ဂီတပညာရှင်၊ အဆိုတော်၊ သရုပ်ဆောင်၊ အကပညာရှင် သို့မဟုတ် စာပေ သို့မဟုတ် အနုပညာလက်ရာများကိုဖြစ်စေ၊ ရိုးရာဓလေ့အမွေအနှစ် ဖော်ပြချက်များကိုဖြစ်စေ သရုပ်ဆောင်ခြင်း၊ တီးမှုတ်ခြင်း၊ သီဆိုခြင်း၊ ကပြခြင်း၊ ဘာသာစကားပြန်ဆိုခြင်း၊ ဇာတ်ကြောင်း ပြောခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ဖျော်ဖြေသော လူပုဂ္ဂိုလ်ကို ဆိုသည်။

(ထ) **ဖျော်ဖြေတင်ဆက်မှု** ဆိုသည်မှာ-

Myanmar Law Information System (MLIS)

(၁) အရုပ်အသံလက်ရာနှင့် ရုပ်ရှင်ဖန်တီးမှုလက်ရာ မဟုတ်သော အခြားစာပေ သို့မဟုတ် အနုပညာ လက်ရာဖြစ်ပါက ယင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ ကြားခံကိရိယာတစ်ခုခုမှတစ်ဆင့်ဖြစ်စေ၊ လုပ်ငန်းစဉ် တစ်ရပ်ရပ်မှတစ်ဆင့်ဖြစ်စေ ရွတ်ဆိုခြင်း၊ သီဆိုတီးမှုတ်ခြင်း၊ ကပြခြင်း၊ သရုပ်ဆောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊

(၂) အရုပ်အသံလက်ရာ သို့မဟုတ် ရုပ်ရှင်ဖန်တီးမှုလက်ရာဖြစ်ပါက ပုံရိပ်တို့ကို အစီအစဉ်တကျ ပြသခြင်းနှင့် ယင်းနှင့်အတူ ပါဝင်သော အသံတို့ကို ကြားနိုင်အောင် ပြုလုပ်ခြင်း၊

(၃) ဖိုနိုဂရမ်ဖြစ်ပါက ဖမ်းယူထားသော အသံကိုကြားနိုင်အောင် ပြုလုပ်ခြင်းတို့ကို ဆိုသည်။

(ဒ) **ထုတ်လုပ်သူ** ဆိုသည်မှာ အရုပ်အသံလက်ရာကိုဖြစ်စေ၊ ရုပ်ရှင်ဖန်တီးမှုလက်ရာကိုဖြစ်စေ ပြုလုပ် သည့် သို့မဟုတ် ဖိုနိုဂရမ်ကို ဦးစွာအသံထည့်သွင်းသည့် သို့မဟုတ် ဦးစွာအသံထည့်သွင်းရန် ဦးဆောင် ပြုလုပ်သည့် လူပုဂ္ဂိုလ်ကိုသော်လည်းကောင်း၊ တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းကို သော်လည်းကောင်း ဆိုသည်။

(ဓ) **လက်ရာများကိုစုပေါင်းခြင်း** ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာများကို ရွေးချယ်ခြင်း နှင့် စီစဉ်ခြင်းဖြင့် စုပေါင်းခြင်းဖြစ်ပြီး ထိုသို့ဆောင်ရွက်ရာတွင် ဖန်တီးမှုပါရှိသည့် စုပေါင်းခြင်းကို ဆိုသည်။

(န) **ပူးတွဲမူလလက်ရာရှင်များ၏လက်ရာ** ဆိုသည်မှာ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသည့် မူလလက်ရာရှင်များက လက်ရာတစ်ခုဖြစ်ပေါ်လာစေရန် ပူးပေါင်းပါဝင် ဖန်တီးဆောင်ရွက်ထားသည့် စာပေအနုပညာလက်ရာကို ဆိုသည်။

(ပ) **အရုပ်အသံလက်ရာ** ဆိုသည်မှာ အသံပူးတွဲ ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ရုပ်ပုံများကို မြင်နိုင်သည့်အပြင် အသံပူးတွဲပါဝင်ပါက ကြားနိုင်သည့် ဆက်စပ်လှုပ်ရှားနေသော ရုပ်ပုံများပါဝင်သည့် လက်ရာကို ဆိုသည်။

(ဖ) **ရုပ်ရှင်ဖန်တီးမှုလက်ရာ** ဆိုသည်မှာ မြင်နိုင်သော ရုပ်ပုံများ အစီအစဉ်တကျ ပါဝင်ပြီး လှုပ်ရှားမှု ရုပ်ပုံများအဖြစ် အဆက်မပြတ် ပြသနိုင်သော သို့မဟုတ် ယင်းကဲ့သို့ ပြသနိုင်ရန် အခြားသော ကြားခံ ပစ္စည်းတွင် မှတ်တမ်းတင်ထားသော အသံပေါင်းစပ်ပါဝင်သည့် အရုပ်အသံဖန်တီးမှုလက်ရာကို ဆိုသည်။

(ဗ) **အသုံးချအနုပညာလက်ရာ** ဆိုသည်မှာ လက်မှုပညာဖြင့်ပြုလုပ်၍ဖြစ်စေ၊ စက်မှုနည်းပညာဖြင့် ထုတ်လုပ်၍ဖြစ်စေ အသုံးဝင်စေရန် ဆောင်ရွက်ထားသော သို့မဟုတ် အသုံးဝင်သည့် ပစ္စည်းတစ်ခုခုတွင် ပါဝင်ပေါင်းစပ်ထားသော အနုပညာဖန်တီးမှုလက်ရာကို ဆိုသည်။

(ဘ) **ဖိုနိုဂရမ် (Phonogram)** ဆိုသည်မှာ အရုပ် အသံ လက်ရာပေါင်းစပ်ထည့်သွင်းခြင်းမျိုးမဟုတ်ဘဲ ဖျော်ဖြေတင်ဆက်မှု အသံ၊ အခြားအသံ သို့မဟုတ် အလားတူအသံတို့ကို ဖိုနိုဂရမ်ဓာတ်ပြား၊ အသံသွင်း တိပ်ခွေနှင့် အခြားကြားခံပစ္စည်းတစ်ခုခုတွင် ပေါင်းစပ်ထည့်သွင်းထားခြင်းကို ဆိုသည်။

(မ) **ဓာတ်ပုံလက်ရာ** ဆိုသည်မှာ ပုံရိပ်ကိုဖမ်းယူပေးနိုင်သော သို့မဟုတ် ပုံရိပ်ထုတ်ပေးနိုင်သော မည်သည့်ကြားခံနယ်ပေါ်တွင်မဆို ဓာတုဗေဒနည်းပညာဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်နည်းပညာဖြင့် ဖြစ်စေ၊ အခြားနည်းပညာဖြင့်ဖြစ်စေ အလင်းကိုဖမ်းယူခြင်းဖြင့်လည်းကောင်း၊ အလင်းထုတ်လွှတ်ခြင်း ဖြင့်လည်းကောင်း ပြုလုပ်ထားသည့် မူလဖန်တီးမှုလက်ရာကို ဆိုသည်။

Myanmar Law Information System (MLIS)

(ယ) **အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်း** ဆိုသည်မှာ ဖျော်ဖြေတင်ဆက်မှု၏ ရုပ်ပုံသက်သက်ကိုဖြစ်စေ၊ အသံသက်သက်ကိုဖြစ်စေ၊ ရုပ်ပုံနှင့်အသံနှစ်ခုလုံးကိုဖြစ်စေ၊ သဏ္ဍာန်တူရုပ်ပုံနှင့်အသံတို့ကိုဖြစ်စေ၊ အခြားအသံ သို့မဟုတ် လှုပ်ရှားနေသော ပုံရိပ်များ သို့မဟုတ် ထုတ်လွှင့်ချက်တို့ကိုဖြစ်စေ မြင်နိုင်ကြားနိုင်ရန်သော်လည်းကောင်း၊ မူပွားခြင်းပြုနိုင်ရန်သော်လည်းကောင်း၊ ဆက်သွယ်ပို့လွှင့်နိုင်ရန် သော်လည်းကောင်း တိပ်ခွေ၊ ဓာတ်ပြား သို့မဟုတ် အခြားကြားခံနယ်တစ်ခုခုတွင် ပထမဦးဆုံး ပေါင်းစပ် ထည့်သွင်းပြီး မှတ်တမ်းပြုသွင်းယူခြင်းကို ဆိုသည်။

(ရ) **ထုတ်လွှင့်ခြင်း** ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာကိုဖြစ်စေ၊ ဖျော်ဖြေတင်ဆက်မှု သို့မဟုတ် ဖိုနိုဂရမ်ကိုဖြစ်စေ ဂြိုဟ်တုမှတစ်ဆင့်ပို့လွှင့်ခြင်း အပါအဝင် ရေဒီယိုနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခြင်းကဲ့သို့သော ဝါယာကြိုးဖြင့်ဖြစ်စေ၊ ဝါယာကြိုးမဲ့နည်းဖြင့်ဖြစ်စေ အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်းကို ဆိုသည်။

(လ) **ရိုးရာဓလေ့အမွေအနှစ်ဖော်ပြချက်များ** ဆိုသည်မှာ ထိတွေ့ကိုင်တွယ်၍ရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ ရိုးရာယဉ်ကျေးမှုနှင့် အသိပညာများကိုဖော်ပြသော၊ ပြသသော၊ ပေါ်လွင်စေသော အောက်ပါ ဖော်ပြချက်တစ်ခုခု သို့မဟုတ် ယင်းတို့၏ ပေါင်းစပ်ဖော်ပြချက်များပါဝင်သော အသွင်ပုံစံတစ်ခုခုကို ဆိုသည်-

(၁) နှုတ်ရေးနှုတ်ရာ ဖော်ပြချက်များဖြစ်သော ပုံဝတ္ထုများ၊ ဝတ္ထုများ၊ ဒဏ္ဍာရီပုံပြင်များ၊ ကဗျာများ၊ စကားထာများနှင့် အခြားသော ဇာတ်ကြောင်းပြောခြင်းများ၊ စကားလုံးများ၊ အမှတ်အသားများ၊ အမည် နာမများနှင့်သင်္ကေတများ၊

(၂) ဂီတဆိုင်ရာဖော်ပြချက်များဖြစ်သော တေးသီချင်းများနှင့် ဂီတတီးလုံးများ၊

(၃) အပြုအမူဆိုင်ရာ ဖော်ပြချက်များဖြစ်သော အက၊ ပြဇာတ်၊ အခမ်းအနားများ၊ ဓလေ့ထုံးစံများ၊

(၄) ထိတွေ့ကိုင်တွယ်၍ရသောဖော်ပြချက်များ (အနုပညာအရ သီးခြားဖန်တီးထုတ်လုပ်ခြင်းများ) ဖြစ်ကြသောရေးဆွဲခြင်း၊ အလှဆင်ပြုလုပ်ထားသည့် ပုံစံလက်ရာ၊ ခန္ဓာကိုယ်ပေါ်တွင် ဆေးခြယ်ခြင်း အပါအဝင် ဆေးခြယ်ခြင်း၊ ပန်းပုထုခြင်း၊ ထုဆစ်သွန်းလုပ်ခြင်း၊ အိုးထိန်းအတတ်ပညာဖြင့် ပြုလုပ်သည့် လက်ရာ၊ ကြွေထည်၊ မြေထည်၊ ရောင်စုံဖန်မှန် သို့မဟုတ် ကျောက်မျက်ရတနာ စသည်တို့ဖြင့် စီခြယ်ခြင်း၊ သစ်သားဖြင့်ပြုလုပ်သည့်လက်ရာ၊ သတ္တုထည်၊ လက်ဝတ်ရတနာ၊ ကျောက်ပုံနှိပ်ခြင်း၊ ရက်လုပ်ခြင်းပြုထားသည့် လက်ရာ၊ ဇာထိုးပန်းထိုးအတတ်ဖြင့်ပြုလုပ်သည့် လက်ရာ၊ အဝတ် အထည်များ၊ ဖန်ထည်များ၊ ကော်ဇောများ၊ ရှေးခေတ်ဝတ်စုံများ၊ လက်မှုပစ္စည်းများ၊ တူရိယာ ပစ္စည်းများနှင့် ဗိသုကာပုံစံများ၊ ရိုးရာအမွေအနှစ် လက်ရေးစာများဖြစ်သော ပေစာ၊ ပုရပိုက်စာ၊ ကျောက်စာ၊ အုတ်ခွက်စာ၊ ခေါင်းလောင်းစာ၊ နံရံဆေးရေးမင်စာများ။

(ဝ) **ကွန်ပျူတာပရိုဂရမ်** ဆိုသည်မှာ ကွန်ပျူတာဖြင့် သီးသန့်လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်နိုင်ရန် သို့မဟုတ် ရလဒ်ကိုရရှိစေရန် ကွန်ပျူတာမှ ဖတ်ရှုနိုင်သည့် ကြားခံပစ္စည်းတစ်ခုခုတွင် ပေါင်းစပ် ထည့်သွင်းထားသော စာလုံး၊ သင်္ကေတ၊ အစီအစဉ် သို့မဟုတ် အခြားပုံစံတစ်မျိုးမျိုးဖြင့် ဖော်ပြထားသော ညွှန်ကြားမှုအစီအစဉ်တစ်ရပ်ကို ဆိုသည်။

(သ) **စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးများစီမံခန့်ခွဲမှုဆိုင်ရာ သတင်း အချက်အလက်များ** ဆိုသည်မှာ အောက်ဖော်ပြပါ အချက်အလက်များကို ဆိုလိုသည်-

(၁) စာပေ သို့မဟုတ် အနုပညာလက်ရာ၊ စာပေ သို့မဟုတ် အနုပညာလက်ရာ၏ မူလလက်ရာရှင်၊ လက်ရာ၏အခွင့်အရေးတစ်ခုခုကို ပိုင်ဆိုင်သူတို့အား ဖော်ပြသည့် သတင်းအချက်အလက်များ၊



Myanmar Law Information System (MLIS)

(၂) စာပေ သို့မဟုတ် အနုပညာလက်ရာအား အသုံးပြုမှုနှင့်စပ်လျဉ်း၍ စည်းကမ်းသတ်မှတ်ချက်များ ဆိုင်ရာ သတင်းအချက်အလက်များ၊

(၃) ဖျော်ဖြေသူ၊ ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ်ထုတ်လုပ်သူ သို့မဟုတ် ဖိုနိုဂရမ်ကိုသော်လည်းကောင်း၊ ဖျော်ဖြေတင်ဆက်မှု သို့မဟုတ် ဖိုနိုဂရမ်တွင် ပါရှိသည့် အခွင့်အရေးတစ်ခုခု၏ ပိုင်ရှင်ကိုသော် လည်းကောင်း ဖော်ပြသည့် သတင်းအချက်အလက်များ၊

(၄) ဖျော်ဖြေတင်ဆက်မှု သို့မဟုတ် ဖိုနိုဂရမ်အား အသုံးပြုခြင်းနှင့်စပ်လျဉ်းသည့် စည်းမျဉ်းစည်းကမ်း ဆိုင်ရာ သတင်းအချက်အလက်များ၊

(၅) ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃) နှင့် (၄) တို့ပါ သတင်းအချက်အလက်တစ်ခုခုကို လက်ရာတစ်ခု၏ မိတ္တူတွင် ထည့်သွင်းရာတွင်ဖြစ်စေ သို့မဟုတ် လက်ရာတစ်ခုကို အများပြည်သူသို့ ဆက်သွယ် ပို့လွှင့်ရာတွင်ဖြစ်စေ အဆိုပါ သတင်းအချက်အလက်များကို ကိုယ်စားပြုသည့် နံပါတ် သို့မဟုတ် သင်္ကေတ။

(ဟ) **နည်းပညာဖြင့်ကာကွယ်ထားသော အစီအမံများ** ဆိုသည်မှာ အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက် မရရှိဘဲ စာပေ သို့မဟုတ် အနုပညာလက်ရာများ သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ လက်ရာများကို အသုံးပြုခြင်းနှင့် ရယူခြင်းမှကာကွယ်ရန် သို့မဟုတ် ကန့်သတ်ရန် ပုံမှန်အားဖြင့် စီမံပြုလုပ်ထားသော နည်းပညာ၊ စက်ပစ္စည်းကိရိယာ သို့မဟုတ် ၎င်း၏ အစိတ်အပိုင်းတစ်ခုခုကို ဆိုသည်။

(ဠ) **မူပွားခြင်း** ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဖိုနိုဂရမ်ကို အီလက်ထရောနစ်နည်းပညာဖြင့် ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ သိမ်းဆည်းထားခြင်းအပါအဝင် ယင်းလက်ရာ သို့မဟုတ် ဖိုနိုဂရမ်ကို မည်သည့်နည်းလမ်း၊ ပုံစံဖြင့်မဆို မိတ္တူကူးခြင်း၊ တုပခြင်း၊ ပုံတူကူးခြင်း စသည်ဖြင့် မိတ္တူတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ပြုလုပ်ခြင်းကို ဆိုသည်။

(အ) **အများပြည်သူသို့ဆက်သွယ်ပို့လွှင့်ခြင်း** ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာ၊ ဖျော်ဖြေ တင်ဆက်မှု၊ ဖိုနိုဂရမ် သို့မဟုတ် ထုတ်လွှင့်ချက်ကို အသုံးပြုခွင့်ရှိသူတစ်ဦးချင်းစီက ရယူအသုံးပြုလိုသည့် နေရာနှင့်အချိန်တွင် အသုံးပြုနိုင်ရန် ပြုလုပ်ခြင်း အပါအဝင် ယင်းတို့ကို ဝါယာကြိုးဖြင့်ဖြစ်စေ၊ ဝါယာကြိုးမဲ့နည်းဖြင့်ဖြစ်စေ၊ အင်တာနက်ဖြင့်ဖြစ်စေ၊ ဆက်သွယ်ရေးနည်းလမ်း တစ်ရပ်ရပ်ဖြင့်ဖြစ်စေ အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်းကို ဆိုသည်။

(ကက) **အများပြည်သူသို့ဖြန့်ချိခြင်း** ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာ၊ အရုပ်အသံ ပေါင်းစပ်ထည့်သွင်းထားသော ဖျော်ဖြေတင်ဆက်မှု သို့မဟုတ် ဖိုနိုဂရမ်တို့၏ မူရင်း သို့မဟုတ် မိတ္တူကို ထိတွေ့ကိုင်တွယ်၍ရသော ပုံစံအသွင်ဖြင့်ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စာပေနှင့်အနုပညာ မူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင် လွှဲပြောင်း၍ ဖြန့်ချိခြင်းကို ဆိုသည်။ ယင်းတွင် ဖြန့်ချိရန်အလို့ငှာ တင်သွင်းခြင်း၊ အင်တာနက်ပေါ်တွင် လွှင့်တင်ခြင်းနှင့် အများပြည်သူသို့ ရောင်းချခြင်းတို့ပါဝင်သည်။

Myanmar Law Information System (MLIS)

(ခခ) **ထုတ်ဝေသည့်လက်ရာ** ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာဖြစ်ပါက စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် မူလလက်ရာရှင်၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ အရုပ် အသံလက်ရာ၊ ရုပ်ရှင်ဖန်တီးမှုလက်ရာ သို့မဟုတ် ဖိုနိုဂရမ်ဖြစ်ပါက ထုတ်လုပ်သူ၏ သဘောတူညီချက် ဖြင့်လည်းကောင်း မိတ္တူပွားး၍ ထုတ်ဝေရန်အတွက် ဆောင်ရွက်သည့်လက်ရာကို ဆိုသည်။

(ဂဂ) **အမြင်အာရုံချို့တဲ့မှုဆိုင်ရာ အကျိုးခံစားခွင့်ရှိသည့်ပုဂ္ဂိုလ်** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-

(၁) မွေးရာပါအမြင်အာရုံချို့တဲ့သောပုဂ္ဂိုလ်၊

(၂) အမြင်အာရုံ၊ အသိဉာဏ်စွမ်းရည် သို့မဟုတ် ဖတ်နိုင်စွမ်းရည်ရှိသူများနှင့် တန်းတူမြင်နိုင်စွမ်းရည် တိုးတက်လာခြင်း မရှိသောကြောင့် ပုံနှိပ်စာလုံးများကို ဖတ်နိုင်ခြင်းမရှိသည့် ပုဂ္ဂိုလ်၊

(၃) ကိုယ်ခန္ဓာမသန်စွမ်းမှုကြောင့် စာအုပ်ကို ဆုပ်ကိုင်နိုင်ခြင်း သို့မဟုတ် စာဖတ်ရန် ပုံမှန်လက်ခံ နိုင်သော အကွာအဝေးအတွင်း မျက်လုံးကိုစူးစိုက်ခြင်း သို့မဟုတ် ရွှေ့လျားခြင်းမပြုနိုင်သော ပုဂ္ဂိုလ်။

(ဃဃ) **တာဝန်ရှိအဖွဲ့အစည်း** ဆိုသည်မှာ အမြင်အာရုံချို့တဲ့မှုဆိုင်ရာ အကျိုးခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်များ အသုံးပြုနိုင်ရန် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ထားသော စာအုပ်စာပေများ သို့မဟုတ် သတင်းအချက်အလက်များ၊ ပညာပေးခြင်း၊ လေ့ကျင့်သင်ကြားခြင်းတို့ကို အကျိုးအမြတ်အတွက် မရည်ရွယ်ဘဲ ထောက်ပံ့ပေးရန် ဗဟိုကော်မတီက ခွင့်ပြုထားသည့် အဖွဲ့အစည်းကို ဆိုသည်။

(ငင) **စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း** ဆိုသည်မှာ စာပေနှင့်အနုပညာမူပိုင်ခွင့်များ၊ ဆက်နွှယ်သည့် အခွင့်အရေးများကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန် မူလလက်ရာရှင်များ၊ စာပေနှင့် အနုပညာမူပိုင်ခွင့် ပိုင်ရှင်များ၊ ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်များ၏ သဘောတူညီမှုအပေါ် အခြေခံ၍ ယင်းတို့၏ အခွင့်အရေးများကို အမြတ်အစွန်းအတွက် မရည်ရွယ်သော စီမံခန့်ခွဲပေးသည့် အဖွဲ့အစည်းကို ဆိုသည်။

(စစ) **စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးချိုးဖောက်ထားသော ပစ္စည်းများ** ဆိုသည်မှာ အခွင့်အရေးရရှိသူ၏ သဘောတူညီချက်မပါဘဲ ပြုလုပ်ထားသော မိတ္တူများနှင့် ဤဥပဒေပါ စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးကိုတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ချိုးဖောက်လျက် ပြုလုပ်ထားသော မိတ္တူများကို ဆိုသည်။

(ဆဆ) **မူပိုင်ခွင့်တရားရုံး** ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် ဥပဒေအရ တည်ထောင်သော တရားရုံးကိုသော်လည်းကောင်း၊ ယင်းရုံး၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းထားသည့် တရားရုံးကိုသော်လည်းကောင်း ဆိုသည်။

(ဇဇ) **အဖွဲ့ဝင်နိုင်ငံ** ဆိုသည်မှာ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော စာပေနှင့်အနုပညာ မူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များ သို့မဟုတ် သဘောတူညီချက်များ သို့မဟုတ် ယင်းတို့နှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံ တစ်ခုခုကိုဆိုသည်။

Myanmar Law Information System (MLIS)

## အခန်း (၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စာပေ သို့မဟုတ် အနုပညာလက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ်ထုတ်လုပ်မှုများနှင့် ထုတ်လွှင့်ခြင်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် စာပေနှင့်အနုပညာဆိုင်ရာ ထုတ်လုပ်မှုအဆင့်အတန်း မြင့်မားတိုးတက်စေရန်၊

(ခ) မူလလက်ရာရှင်နှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင်တို့၏ စာပေနှင့်အနုပညာမူပိုင်ခွင့်များကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်၊

(ဂ) ဖျော်ဖြေသူ၊ ဖိုနိုဂရမ်ထုတ်လုပ်သူနှင့် ထုတ်လွှင့်သည့် အဖွဲ့အစည်းတို့၏ ဆက်နွှယ်သည့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ရန်၊

(ဃ) ရိုးရာဓလေ့အမွေအနှစ်ဖော်ပြချက်များကို ကာကွယ်မြှင့်တင်နိုင်ရေးအတွက် အထောက်အကူဖြစ် စေရန်။

## အခန်း (၃)

## ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ | အဖွဲ့ဝင် |
| (၄) | အခြားသင့်လျော်သည့်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်များ | အဖွဲ့ဝင် |
| (၅) | လေးဦးထက်မပိုသော မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များ | အဖွဲ့ဝင် |
| (၆) | အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ် နှစ်ဦး | အဖွဲ့ဝင် |
| (၇) | နိုင်ငံတော်သမ္မတမှ တာဝန်ပေးအပ်သူ | အတွင်းရေးမှူး |
| (၈) | ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် | တွဲဖက်အတွင်းရေးမှူး |

Myanmar Law Information System (MLIS)

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်တွင် မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် မူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များချမှတ်ခြင်း၊

(ခ) မူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြီးကြပ်လမ်းညွှန်မှုပေးခြင်း၊

(ဂ) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးနှင့် အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မူပိုင်ခွင့်စနစ်ဖြင့် အားပေးမြှင့်တင် နိုင်ရန် လမ်းညွှန်မှုပေးခြင်း၊

(ဃ) မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် လူသားအရင်းအမြစ်များလေ့ကျင့် ပြုစုပျိုးထောင်ရေးကို အားပေးမြှင့်တင်ခြင်း၊

(င) မူပိုင်ခွင့်စနစ်ဖွံ့ဖြိုးတိုးတက်ရန်နှင့် ကောင်းစွာကျင့်သုံးဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(စ) နည်းပညာနှင့် အခြားလိုအပ်သည့် အထောက်အပံ့များရရှိစေရေးအတွက် ပြည်တွင်းပြည်ပအဖွဲ့ အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်းကို အားပေးမြှင့်တင်ဆောင်ရွက်ပေးခြင်း၊

(ဆ) အမြင်အာရုံချို့တဲ့မှုဆိုင်ရာ အကျိုးခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်များအတွက် တာဝန်ရှိအဖွဲ့အစည်း ဖွဲ့စည်းရန် လျှောက်ထားလာမှုကို စိစစ်ခွင့်ပြုပေးခြင်း၊

(ဇ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်း တာဝန် များကို ထမ်းဆောင်ခြင်း။

## အခန်း (၄)

## အေဂျင်စီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၆။ ဗဟိုကော်မတီသည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီကို အောက်ပါ အတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ဗဟိုကော်မတီ၏ အတွင်းရေးမှူး | ဥက္ကဋ္ဌ |
| (၂) | ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အေဂျင်စီနှင့် သက်ဆိုင်သည့် ညွှန်ကြားရေးမှူးချုပ်များ | အဖွဲ့ဝင် |
| (၃) | ရှစ်ဦးထက်မပိုသော မူပိုင်ခွင့်ဆိုင်ရာပညာရှင်များ | အဖွဲ့ဝင် |

Myanmar Law Information System (MLIS)

| | | |
|---|---|---|
| (၄) | ငါးဦးထက်မပိုသော အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (၅) | ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် | အတွင်းရေးမှူး |
| (၆) | ဦးစီးဌာန၏ ဌာနခွဲတာဝန်ခံများ | တွဲဖက်အတွင်းရေးမှူးများ |

(ခ) ပုဒ်မခွဲ(က) အရ ဖွဲ့စည်းသော အေဂျင်စီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ အေဂျင်စီဥက္ကဋ္ဌသည် ဒုတိယဝန်ကြီးအဆင့်ပုဂ္ဂိုလ်ဖြစ်သည်ဟုမှတ်ယူရမည်။

၈။ အေဂျင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စာပေနှင့်အနုပညာမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(ခ) စာပေနှင့်အနုပညာမူပိုင်ခွင့်စနစ် ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် ဗဟိုကော်မတီက ချမှတ်သော စာပေနှင့်အနုပညာမူပိုင်ခွင့်ဆိုင်ရာမူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များနှင့် လူသားအရင်း အမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးလုပ်ငန်းရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များတွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက် ဗဟိုကော်မတီသို့လေ့လာတင်ပြခြင်း၊

(ဃ) နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်သော စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များပါ ပြဋ္ဌာန်းချက်များနှင့် အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) စာပေနှင့်အနုပညာမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ပြည်တွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊

(စ) စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေး ထိပါးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၏သဘောတူညီချက်ဖြင့် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဆ) စာပေနှင့်အနုပညာမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၏ သဘော တူညီချက်ဖြင့် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဇ) မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံဝင်မှုအား အဆုံးအဖြတ်ပြုခြင်း၊

(ဈ) ဤဥပဒေနှင့်အညီကောက်ခံရမည့် အခကြေးငွေများကို ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ည) စာပေနှင့်အနုပညာမူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ခွင့်ပြုရာတွင် အသုံးပြုမည့် တံဆိပ်တုံးကို အတည်ပြုသတ်မှတ်ခြင်း၊

(ဋ) ဗဟိုကော်မတီသို့ လုပ်ငန်းအစီရင်ခံစာများနှင့် အခြားလိုအပ်သည့် အစီရင်ခံစာများကို တင်ပြခြင်း၊

Myanmar Law Information System (MLIS)

(ဌ) စာပေနှင့်အနုပညာမူပိုင်ခွင့်ဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာကို ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဍ) ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၅)

## ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၉။ ဦးစီးဌာန၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စာပေနှင့်အနုပညာမူပိုင်ခွင့်နှင့် စပ်လျဉ်းသည့် မှတ်ပုံတင်ခြင်းကိစ္စရပ်များကို ထုတ်ပြန် ကြေညာခြင်း၊

(ခ) စာပေနှင့် အနုပညာမူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်စာရင်းများကို ထိန်းသိမ်းထားရှိခြင်း၊

(ဂ) မူပိုင်ခွင့်ဆိုင်ရာနယ်ပယ်အလိုက် ဖွဲ့စည်းထူထောင်ထားသည့် ဌာနခွဲများ၏လုပ်ငန်း ဆောင်ရွက်မှု များကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) အေဂျင်စီက အခါအားလျော်စွာ ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင် ခြင်း။

## အခန်း (၆)

## မှတ်ပုံတင်အရာရှိ ခန့်အပ်ခြင်းနှင့်လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း

၁၀။ ဝန်ကြီးဌာနသည် ဦးစီးဌာနတွင် မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ လုပ်ငန်းများကို ဆောင်ရွက်ရန် မှတ်ပုံတင် အရာရှိကို အေဂျင်စီ၏ တင်ပြချက်အရ ခန့်အပ်တာဝန် ပေးအပ်နိုင်သည်။

၁၁။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စာပေနှင့်အနုပညာမူပိုင်ခွင့်နှင့် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) စာပေနှင့်အနုပညာမူပိုင်ခွင့်နှင့် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာမှတ်ပုံတင်ရန်လျှောက်ထားချက် များကို စစ်ဆေးခြင်း၊

(ဂ) စာပေနှင့်အနုပညာမူပိုင်ခွင့်နှင့် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာမှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သူများကို ခေါ်ယူမေးမြန်းခြင်းနှင့် စာရွက်စာတမ်းအထောက်အထားများ တောင်းခံခြင်း၊

(ဃ) စာပေနှင့်အနုပညာမူပိုင်ခွင့်နှင့် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ မှတ်ပုံတင်ခြင်းကိစ္စရပ်များကို အဆုံးအဖြတ်ပေးခြင်း၊

(င) ဗဟိုကော်မတီနှင့် အေဂျင်စီတို့က ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၇)

## သက်ဆိုင်သည့်နယ်ပယ်

Myanmar Law Information System (MLIS)

၁၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် အောက်ဖော်ပြပါ စာပေ သို့မဟုတ် အနုပညာလက်ရာများကို လည်းကောင်း၊ ဖျော်ဖြေသူနှင့်ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ်ထုတ်လုပ်သူနှင့် ဖိုနိုဂရမ်၊ ထုတ်လွှင့်ချက်နှင့် ထုတ်လွှင့်သည့် အဖွဲ့အစည်းတို့ကိုလည်းကောင်း အကာအကွယ်ပေးခြင်းနှင့် သက်ဆိုင်စေရမည်-

(က) စာပေ သို့မဟုတ် အနုပညာလက်ရာသည်-

(၁) ထုတ်ဝေသည်ဖြစ်စေ၊ မထုတ်ဝေသည်ဖြစ်စေ နိုင်ငံသားဖြစ်သူ သို့မဟုတ် နိုင်ငံတော်တွင် အခြေစိုက်နေထိုင်သူ၏ မူလလက်ရာဖြစ်ခြင်း၊

(၂) မူလလက်ရာရှင်သည် နိုင်ငံသား သို့မဟုတ် နိုင်ငံတော်တွင် အခြေစိုက်နေထိုင်သူမဟုတ်စေကာမူ နိုင်ငံတော်တွင် ပထမအကြိမ် ထုတ်ဝေသော လက်ရာဖြစ်ခြင်း သို့မဟုတ် အခြားနိုင်ငံတွင် ပထမအကြိမ် ထုတ်ဝေပြီး ရက်ပေါင်း ၃၀ အတွင်း နိုင်ငံတော်တွင် ထုတ်ဝေသော လက်ရာဖြစ်ခြင်း၊

(၃) နိုင်ငံတော်တွင် ရုံးစိုက်သော သို့မဟုတ် အခြေစိုက်နေထိုင်သော ထုတ်လုပ်သူ၏ အရုပ်အသံ လက်ရာ သို့မဟုတ် ရုပ်ရှင်ဖန်တီးမှုလက်ရာဖြစ်ခြင်း၊

(၄) နိုင်ငံတော်တွင် ဆောက်လုပ်ထားသည့် ဗိသုကာလက်ရာနှင့် နိုင်ငံတော်တွင် တည်ရှိသော အဆောက်အဦတစ်ခု သို့မဟုတ် အခြားအဆောက်အအုံ ပုံစံတွင် ပါဝင်ပေါင်းစပ်ထားသည့် အနုပညာလက်ရာဖြစ်ခြင်း။

(ခ) ဖျော်ဖြေသူသည်-

(၁) နိုင်ငံသားဖြစ်ခြင်း သို့မဟုတ် နိုင်ငံတော်တွင် အခြေစိုက်နေထိုင်သူဖြစ်ခြင်း၊

(၂) နိုင်ငံသား သို့မဟုတ် နိုင်ငံတော်တွင် အခြေစိုက်နေထိုင်သူမဟုတ်စေကာမူ-

(កក) နိုင်ငံတော်အတွင်း ဖျော်ဖြေတင်ဆက်မှုဖြစ်ခြင်း၊

(ခခ) ဤဥပဒေအရ အကာအကွယ်ပေးသည့် ဖိုနိုဂရမ်တွင် ပါဝင်ပေါင်းစပ်ထားခြင်း သို့မဟုတ် ဖိုနိုဂရမ်တွင် အသံပေါင်းစပ်ထည့်သွင်းခြင်းမပြုရသေးသော်လည်း ဤဥပဒေအရ အကာအကွယ်ပေးရန် အရည်အချင်းပြည့်မီသည့် ထုတ်လွှင့်မှုတွင် ပါဝင်ခြင်း။

(ဂ) ဖိုနိုဂရမ်သည်-

(၁) နိုင်ငံသားက ထုတ်လုပ်သည့် ဖိုနိုဂရမ်ဖြစ်ခြင်း၊

(၂) နိုင်ငံတော်၌ပထမဦးစွာ အသံပေါင်းစပ်ထည့်သွင်းသည့် ဖိုနိုဂရမ်ဖြစ်ခြင်း၊

(၃) ဖိုနိုဂရမ်ထုတ်လုပ်သူမှာ နိုင်ငံသား သို့မဟုတ် နိုင်ငံတော်တွင်အခြေစိုက်နေထိုင်သူမဟုတ်စေကာမူ နိုင်ငံတော်၌ ပထမဦးစွာ ထုတ်ဝေသော ဖိုနိုဂရမ်ဖြစ်ခြင်း သို့မဟုတ် အခြားနိုင်ငံတွင် ပထမအကြိမ် ထုတ်ဝေပြီး ရက်ပေါင်း ၃၀ အတွင်း နိုင်ငံတော်တွင် ထုတ်ဝေသော ဖိုနိုဂရမ်ဖြစ်ခြင်း။

(ဃ) ထုတ်လွှင့်ခြင်းသည်-

(၁) နိုင်ငံတော်၌ ရုံးချုပ်တည်ရှိသည့် ထုတ်လွှင့်သည့် အဖွဲ့အစည်း၏ ထုတ်လွှင့်ချက်ဖြစ်ခြင်း၊

(၂) နိုင်ငံတော်၌ တည်ရှိသည့် ပို့လွှင့်စက်မှ ပို့လွှင့်သည့် ထုတ်လွှင့်ချက်ဖြစ်ခြင်း။

Myanmar Law Information System (MLIS)

(င) နိုင်ငံတော်က အဖွဲ့ဝင်ဖြစ်သည့် စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ဆိုင်ရာ ကွန်ဗင်းရှင်းများ သို့မဟုတ် စာချုပ်များ၊ သဘောတူညီချက်များနှင့်အညီ အကာအကွယ်ပေးရန် အရည်အချင်း ပြည့်မီသောစာပေ သို့မဟုတ် အနုပညာလက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ်များ၊ ထုတ်လွှင့်ခြင်းများ။

## အခန်း (၈)

## အကာအကွယ်ပေးခြင်းခံရသည့် စာပေ သို့မဟုတ် အနုပညာလက်ရာများနှင့် အကာအကွယ်ပေးခြင်းမခံရသည့် စာပေ သို့မဟုတ် အနုပညာဆိုင်ရာကိစ္စရပ်များ

၁၃။ မူလဖန်တီးမှုများဖြစ်သည့် စာပေ သို့မဟုတ် အနုပညာလက်ရာများကို အကာအကွယ်ပေးရမည်။ အဆိုပါလက်ရာများတွင် အောက်ဖော်ပြပါ လက်ရာများပါဝင်သည်-

(က) စာအုပ်၊ လက်ကမ်းစာစောင်၊ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ ကွန်ပျူတာပရိုဂရမ်နှင့် အခြားရေးသား ချက်များ၊

(ခ) ပြောကြားချက်၊ ပို့ချချက်၊ မိန့်ခွန်း၊ တရားဓမ္မဟောကြားချက်နှင့် အခြားဟောပြောချက်များ၊

(ဂ) ပြဇာတ်နှင့်ပြဇာတ်ဂီတလက်ရာ၊ ကိုယ်ဟန်အမူအရာဖြင့်သာ သရုပ်ဆောင်ချက်၊ ကကွက်စီစဉ်မှု လက်ရာနှင့် စင်မြင့်ပေါ်တွင် တင်ဆက်သည့်အခြား စာပေ သို့မဟုတ် အနုပညာလက်ရာများ၊

(ဃ) စာသားပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ တေးသီချင်းနှင့် တေးဂီတလက်ရာ၊

(င) ရုပ်ရှင်ဖန်တီးမှုလက်ရာ အပါအဝင် အရုပ်အသံလက်ရာ၊

(စ) ဗိသုကာလက်ရာ၊

(ဆ) ရေးဆွဲခြင်း၊ ရေးခြစ်ခြင်း၊ ဆေးခြယ်ခြင်း၊ ပန်းပုထုခြင်း၊ ထုဆစ်သွန်းလုပ်ခြင်း၊ ထွင်းထုခြင်း၊ ရောင်စုံဖန်မှန် ကျောက်မျက်ရတနာစသည်တို့ဖြင့် စီခြယ်ခြင်းပြုထားသည့် လက်ရာ၊ သစ်သားဖြင့် ပြုလုပ်သည့် လက်ရာ၊ အိုးထိန်းအတတ်ပညာဖြင့်ပြုလုပ်သည့် လက်ရာ၊ သတ္တုထည်၊ မြေထည်၊ လက်ဝတ်ရတနာ၊ လက်မှုပစ္စည်း၊ ရေးခေတ်ဝတ်စုံ၊ တိုင်းရင်းသားရိုးရာအဝတ်အထည်နှင့် ဆင်ယင် ထုံးဖွဲ့မှုများ၊

(ဇ) ကျောက်ပုံနှိပ်ခြင်း၊ ရက်လုပ်ခြင်းပြုထားသည့်လက်ရာ၊ ရွှေချည်ထိုးနှင့် အနုစိတ်သည့် အခြား အနုပညာလက်ရာများ၊

(ဈ) ဓာတ်ပုံလက်ရာ၊

(ည) အသုံးချအနုပညာလက်ရာ၊

(ဋ) အထည်အလိပ်အဆင်၊

(ဌ) ပထဝီအနေအထားနှင့်ဖြစ်စေ၊ မျက်နှာသွင်ပြင်ဖော်ပြချက်နှင့်ဖြစ်စေ၊ ဗိသုကာလက်ရာနှင့်ဖြစ်စေ၊ သိပ္ပံပညာနှင့်ဖြစ်စေ သက်ဆိုင်သည့် ရုပ်ပြနမူနာ၊ မြေပုံ၊ စီမံချက်၊ ပုံကြမ်းနှင့် သုံးဖက်မြင်လက်ရာ။

၁၄။ စာပေ သို့မဟုတ် အနုပညာလက်ရာများ၏ ဖော်ပြချက်နည်းလမ်း သို့မဟုတ် ပုံသဏ္ဌာန်၊ ယင်းတို့၏ ပါရှိမှု၊ အရည်အသွေးနှင့် ရည်ရွယ်ချက်တို့ မည်သို့ပင်ရှိစေကာမူ ဖန်တီးမှုပါရှိပါက ယင်းစာပေ သို့မဟုတ် အနုပညာလက်ရာကို အကာအကွယ်ပေးရမည်။

၁၅။ စာပေ သို့မဟုတ် အနုပညာလက်ရာများ၏မူပိုင်ခွင့်ကို မထိခိုက်စေဘဲ အောက်ဖော်ပြပါ ဆင့်ပွား လက်ရာများကို အကာအကွယ်ပေးရမည်-

(က) စာပေ သို့မဟုတ် အနုပညာလက်ရာများကို ဘာသာပြန်ဆိုခြင်း၊ မှီငြမ်းခြင်း၊ စီစဉ်ခြင်းနှင့် အခြား နည်းဖြင့်ပြောင်းလဲခြင်း သို့မဟုတ် ပြုပြင်ခြင်း၊

(ခ) ရိုးရာဓလေ့အမွေအနှစ် ဖော်ပြချက်များကို စုပေါင်းခြင်းအပါအဝင် စာပေ သို့မဟုတ် အနုပညာ လက်ရာများကို စုပေါင်းခြင်း၊

(ဂ) ရွေးချယ်ခြင်း သို့မဟုတ် စီစဉ်ခြင်းဖြင့် အချက်အလက်များကို ဖတ်၍ရသည့် စက်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ စုပေါင်းခြင်းဖြစ်ပြီး ထိုသို့ စုပေါင်းရာတွင် ဖန်တီးမှုပါရှိခြင်း။ သို့ရာတွင် စုပေါင်း ရာ၌ ပါဝင်သည့် အချက်အလက်များသည် အကာအကွယ်ပေးခြင်းနှင့် မသက်ဆိုင်စေရ။

၁၆။ ပုဒ်မ ၁၃၊ ၁၄ နှင့် ၁၅ တို့တွင် မည်သို့ပင်ပါရှိစေကာမူ စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာလက်ရာသည် အောက်ပါအချက်အလက် တစ်ရပ်ရပ်တွင် အကျုံးဝင်လျှင် စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးအတွက် အကာအကွယ် မရရှိစေရ-

(က) စိတ်ကူးစိတ်သန်း၊ လုပ်ထုံးလုပ်နည်း၊ လုပ်ကိုင်ဆောင်ရွက်ပုံနည်းလမ်း၊ သင်္ချာ အတွေးအခေါ် အယူအဆ၊ အခြေခံမူ၊ ရှာဖွေတွေ့ရှိချက် သို့မဟုတ် အချက်အလက်များ၊

(ခ) သက်ဆိုင်ရာနေ့၏သတင်း သို့မဟုတ် ပုံနှိပ်ဖော်ပြထားသော သတင်းအချက်အလက်ဟု သတ်မှတ် နိုင်သော လက္ခဏာရှိသည့် အမျိုးမျိုးသော အချက်အလက်များ၊

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများ၊

(ဃ) နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဦးစီးဌာန များမှ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ၊

(င) တရားရုံးစီရင်ချက်များနှင့်အမိန့်များ၊

(စ) ပုဒ်မခွဲ (ဂ) မှ (င) အထိပါ အချက်အလက်များအား အစိုးရမှ တရားဝင်ဘာသာပြန်ဆိုခြင်းနှင့် စုပေါင်းခြင်း။

## အခန်း (၉)

## စာပေနှင့် အနုပညာမူပိုင်ခွင့်သက်တမ်း

၁၇။ စာပေ သို့မဟုတ် အနုပညာလက်ရာများနှင့်စပ်လျဉ်း၍ ဤဥပဒေအရ မှတ်ပုံတင်ခြင်းမရှိစေကာမူ-

(က) စီးပွားရေးဆိုင်ရာအခွင့်အရေးအတွက် အကာအကွယ်ပေးမှုသက်တမ်းသည် အောက်ပါအတိုင်း ဖြစ်သည်-

(၁) မူလလက်ရာရှင် သက်ရှိထင်ရှားရှိစဉ်ကာလအပြင် ကွယ်လွန်ပြီးသည့်နှစ်မှ နှစ် ၅၀၊

(၂) ပူးတွဲမူလလက်ရာရှင်၏ စာပေ သို့မဟုတ် အနုပညာလက်ရာဖြစ်ပါက နောက်ဆုံးမူလလက်ရာရှင် သက်ရှိထင်ရှားရှိစဉ်ကာလအပြင် ၎င်းကွယ်လွန်ပြီးသည့်နှစ်မှ နှစ်၅၀၊

Myanmar Law Information System (MLIS)

(၃) အရုပ်အသံလက်ရာ သို့မဟုတ် ရုပ်ရှင်ဖန်တီးမှုလက်ရာဖြစ်ပါက မူလလက်ရာရှင်၏ ခွင့်ပြုချက်ဖြင့် အများပြည်သူ ရရှိခံစားနိုင်စေရန် ဆောင်ရွက်ပြီးသည့်နှစ်မှ နှစ် ၅၀ သို့မဟုတ် ထိုသို့ ဆောင်ရွက်ခဲ့ခြင်း မရှိပါက လက်ရာကို ပြုလုပ်ပြီးသည့် နှစ်မှ နှစ် ၅၀၊

(၄) အမည်မဖော်ပြဘဲဖြစ်စေ၊ အမည်ဝှက်၊ အမည်ပွားဖြင့်ဖြစ်စေ ထုတ်ဝေပြီးဖြစ်သည့် စာပေ သို့မဟုတ် အနုပညာလက်ရာဖြစ်ပါက အများပြည်သူ ရရှိခံစားနိုင်ရန် တရားဝင် စတင်ဆောင်ရွက်ပြီးသည့်နှစ်မှ နှစ် ၅၀၊ သို့ရာတွင် အဆိုပါ သက်တမ်းမကုန်ဆုံးမီ မူလလက်ရာရှင်သည် မည်သူမည်ဝါဖြစ်ကြောင်း ပေါ်ပေါက်လာပါက ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့တွင် ဖော်ပြသည့်ကာလ၊

(၅) ပုဒ်မ ၁၆ ပါ အကာအကွယ်မရရှိသည့် ကိစ္စရပ်များမှအပ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ စာပေ သို့မဟုတ် အနုပညာလက်ရာဖြစ်ပါက ယင်းအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းသည် ပထမမူပိုင်ခွင့် ပိုင်ရှင်အဖြစ် စာပေ သို့မဟုတ် အနုပညာလက်ရာကို ဖန်တီးပြုလုပ်ထားခြင်း၊ အများပြည်သူရရှိခံစားနိုင် ရန် တရားဝင် စတင်ဆောင်ရွက်ခြင်း သို့မဟုတ် ပထမအကြိမ် ထုတ်ဝေခြင်း တစ်ရပ်ရပ်အနက် နောက်ကျရာ နှစ်မှ နှစ် ၅၀၊

(၆) အသုံးချအနုပညာလက်ရာဖြစ်ပါက ယင်းလက်ရာ ပြုလုပ်ပြီးသည့်နှစ်မှ ၂၅ နှစ်။

(ခ) ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးအတွက် အကာအကွယ်ပေးမှု သက်တမ်းသည် မူလ လက်ရာရှင် သက်ရှိထင်ရှားရှိစဉ်ကာလအပြင် ကွယ်လွန်ပြီးသည့်နေ့ရက်မှ အကန့်အသတ်မရှိ ကာလအထိ ဖြစ်သည်။

(ဂ) ပုဒ်မခွဲ (က) ပါ အကာအကွယ်ပေးမည့် သက်တမ်းအား ရေတွက်ရာတွင် မူလလက်ရာရှင် ကွယ်လွန်သည့်နှစ် သို့မဟုတ် လက်ရာကိုဖန်တီးပြုလုပ်ထားခြင်း၊ အများပြည်သူရရှိခံစားနိုင်ရန် တရားဝင်စတင်ဆောင်ရွက်ခြင်း သို့မဟုတ် ပထမအကြိမ် ထုတ်ဝေခြင်းတို့ကို ပြုလုပ်သည့်နှစ်နှင့် တစ်ဆက်တည်းနှစ်၏ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်ရေတွက်ရမည်။

## အခန်း (၁၀)

## စီးပွားရေးဆိုင်ရာ အခွင့်အရေးများနှင့် ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးများ

၁၈။ အခန်း (၁၂) ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ မူလလက်ရာရှင် သို့မဟုတ် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်သည် အောက်ဖော်ပြပါ ပြုလုပ်မှုများကို ကိုယ်တိုင်ဆောင်ရွက်ရန် သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးအား ဆောင်ရွက်ခွင့်ပြုရန် စီးပွားရေးဆိုင်ရာ သီးသန့်အခွင့်အရေးကို ရရှိစေ ရမည်-

(က) မူပွားခြင်း၊

(ခ) ဘာသာပြန်ဆိုခြင်း၊ မှီငြမ်းခြင်း၊ စီစဉ်ခြင်း၊ အခြားနည်းဖြင့်ပြောင်းလဲခြင်း သို့မဟုတ် ပြုပြင် မွမ်းမံခြင်း၊

(ဂ) မူရင်း သို့မဟုတ် မိတ္တူကို ရောင်းချခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ပိုင်ဆိုင်မှုကို လွှဲပြောင်းခြင်းဖြင့် အများပြည်သူသို့ ဖြန့်ချိခြင်း၊

**ခြွင်းချက်။** မူလလက်ရာရှင် သို့မဟုတ် စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင်သည် ယင်း၏ ခွင့်ပြုချက်ဖြင့် မည်သည့်နိုင်ငံတွင်မဆို ရောင်းချပြီးသော သို့မဟုတ် ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းထားပြီးသော စာပေ သို့မဟုတ် အနုပညာလက်ရာမူရင်း သို့မဟုတ် မိတ္တူအပေါ်တွင် ဖြန့်ချိသည့် အခွင့်အရေးကို မရရှိစေရ။

(ဃ) ကွန်ပျူတာပရိုဂရမ်၊ အရုပ်အသံလက်ရာ၊ ရုပ်ရှင်ဖန်တီးမှုလက်ရာ၊ ဖိုနိုဂရမ်တွင် ထည့်သွင်းထားသည့် စာပေ သို့မဟုတ် အနုပညာလက်ရာ၊ အချက်အလက် အစုအဝေး သို့မဟုတ် သင်္ကေတပုံစံဖြစ်သည့် ဂီတလက်ရာတို့၏ မူရင်း သို့မဟုတ် မိတ္တူကို အများပြည်သူသို့ အခကြေးငွေဖြင့် ငှားရမ်းခြင်း၊

**ခြွင်းချက်။** သို့ရာတွင် ငှားရမ်းခြင်း၌ ကွန်ပျူတာပရိုဂရမ်သည် ငှားရမ်းခြင်း၏ အဓိကအချက် မဟုတ်ပါက အခကြေးငွေဖြင့် ငှားရမ်းခြင်း၏ အခွင့်အရေးနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(င) အများပြည်သူအား ဖျော်ဖြေခြင်း၊

(စ) ထုတ်လွှင့်ခြင်း၊

(ဆ) အခြားတစ်နည်းနည်းဖြင့် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း၊

(ဇ) မိမိဖန်တီးထားသည့် စာပေ သို့မဟုတ် အနုပညာလက်ရာများကို စုပေါင်းခြင်း။

၁၉။ မူလလက်ရာရှင် သို့မဟုတ် စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင်သည် ယင်း၏ စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို ပုဂ္ဂိုလ်တစ်ဦးဦးအား ဤဥပဒေ အခန်း(၁၃) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှဲပြောင်းခြင်းပြုနိုင်သည်။

၂၀။ မူလလက်ရာရှင်သည် စာပေ သို့မဟုတ် အနုပညာလက်ရာနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၈ ပါ အခွင့်အရေး များကို ပိုင်ဆိုင်ခြင်းမရှိစေကာမူ အောက်ဖော်ပြပါ ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးများကို ရရှိစေရမည်-

(က) မူလလက်ရာရှင်ဖြစ်ကြောင်း တောင်းဆိုနိုင်သည့် အခွင့်အရေးနှင့် အများပြည်သူအသုံးပြုသည့် စာပေ သို့မဟုတ် အနုပညာလက်ရာ မိတ္တူများပေါ်တွင် မူလလက်ရာရှင်အဖြစ် မိမိ၏အမည်ကို ဖော်ပြခွင့်၊

(ခ) အများပြည်သူရရှိခံစားနိုင်ရန် တရားဝင်ပြုလုပ်ထားသည့် စာပေ သို့မဟုတ် အနုပညာလက်ရာ မိတ္တူများပေါ်တွင် မူလက အမည်ဝှက်၊ အမည်ပွားဖြင့် ဖော်ပြထားပြီးဖြစ်လျှင် ယင်းအမည်ဝှက်၊ အမည်ပွားဖော်ပြခွင့်၊

(ဂ) စာပေ သို့မဟုတ် အနုပညာလက်ရာနှင့်စပ်လျဉ်း၍ မိမိ၏ဂုဏ်သိက္ခာနှင့် ထင်ရှားကျော်ကြားမှုကို ထိခိုက်စေရန် တစ်နည်းနည်းဖြင့် လက်ရာကို ချို့ယွင်းစေခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ပျက်စေခြင်းကို သော်လည်းကောင်း၊ ယုတ်လျော့သေးသိမ်စေရန် အခြားတစ်နည်းနည်းဖြင့် ပြုလုပ်ခြင်းကို သော်လည်းကောင်း ကန့်ကွက်ပိုင်ခွင့်။

၂၁။ မူလလက်ရာရှင်သည်-

(က) ကွယ်လွန်ပြီးဖြစ်ပါက သေတမ်းစာဖြင့် တရားဝင်အမွေဆက်ခံသူကဖြစ်စေ၊ မူလလက်ရာရှင်နှင့် သက်ဆိုင်သည့် ဥပဒေအရ အမွေဆက်ခံသူကဖြစ်စေ၊ ယင်းမကွယ်လွန်မီက ဥပဒေအရ လွှဲအပ်ခြင်း ခံရသည့် လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင် တည်ထောင်ထားသော အဖွဲ့အစည်းကဖြစ်စေ ပုဒ်မ ၂၀ ပါ ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးတစ်ရပ်ရပ်ကို ဆက်ခံပိုင်ခွင့်ရှိသည်။

(ခ) သီးသန့်အသုံးပြုမှုများအတွက် ကိုယ်ကျင့်သိက္ခာဆိုင်ရာအခွင့်အရေးကို စွန့်လွှတ်နိုင်သည်။ ယင်းသို့ စွန့်လွှတ်ကြောင်းကို စာဖြင့်ရေးသားလက်မှတ်ရေးထိုး၍ ပြုလုပ်ရမည်။

## အခန်း (၁၁)

## စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို မူလပိုင်ရှင်အဖြစ်ရရှိသူ

၂၂။ စာပေ သို့မဟုတ် အနုပညာလက်ရာကို ဖန်တီးသည့် မူလလက်ရာရှင်သည် စီးပွားရေးဆိုင်ရာ အခွင့်အရေးများ၏ မူလပိုင်ရှင်ဖြစ်ရမည်။ သို့ရာတွင်-

(က) ပူးတွဲ မူလလက်ရာရှင်များ၏စာပေ သို့မဟုတ် အနုပညာလက်ရာဖြစ်ပါက-

(၁) ပူးတွဲမူလလက်ရာရှင်များသည် စီးပွားရေးဆိုင်ရာအခွင့်အရေး၏ မူလပိုင်ရှင်များ ဖြစ်ရမည်။

(၂) ပူးတွဲမူလလက်ရာရှင်များ၏ လက်ရာတစ်ခုတွင် သီးခြားစီအသုံးပြုနိုင်သည့် အပိုင်းများပါဝင်ပြီး အပိုင်းတစ်ခုချင်းစီ၏ မူလလက်ရာရှင်ကို ခွဲခြားသတ်မှတ်နိုင်ပါက ထိုသူဖန်တီးသည့် အပိုင်းအတွက် စီးပွားရေးဆိုင်ရာ အခွင့်အရေး၏မူလပိုင်ရှင်ဖြစ်ရမည်။

(ခ) အရုပ်အသံလက်ရာ သို့မဟုတ် ရုပ်ရှင်ဖန်တီးမှုလက်ရာဖြစ်ပါက-

(၁) ထုတ်လုပ်သူသည် အခြားနည်းဖြင့် သဘောတူညီချက်မရှိလျှင် စီးပွားရေးဆိုင်ရာ အခွင့်အရေး များ၏ မူလပိုင်ရှင်ဖြစ်ရမည်။

(၂) အရုပ်အသံလက်ရာ သို့မဟုတ် ရုပ်ရှင်ဖန်တီးမှုလက်ရာကို ပြုလုပ်သည့် မူလလက်ရာရှင်၏ စီးပွားရေးဆိုင်ရာအခွင့်အရေးများသည် အဆိုပါ အရုပ်အသံလက်ရာ သို့မဟုတ် ရုပ်ရှင်ဖန်တီးမှု လက်ရာကို ပြုလုပ်ရာတွင် မှီငြမ်းထားသော စာပေ သို့မဟုတ် အနုပညာလက်ရာကို ဖန်တီးခဲ့သည့် မူလလက်ရာရှင်၏ စီးပွားရေးဆိုင်ရာအခွင့်အရေးများကို ထိခိုက်စေခြင်း မရှိစေရ။

(ဂ) လက်ရာများကို စုပေါင်းခြင်းနှင့် စပ်လျဉ်း၍ အခြားနည်းဖြင့် သဘောတူညီချက်မရှိလျှင် စာပေ သို့မဟုတ် အနုပညာလက်ရာကို စုပေါင်းရာတွင် ဦးစီးဦးဆောင်ပြုသည့် လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင် တည်ထောင်ထားသော အဖွဲ့အစည်းသည် စီးပွားရေးဆိုင်ရာအခွင့်အရေး၏ မူလပိုင်ရှင်ဖြစ်ရမည်။

(ဃ) ဓာတ်ပုံလက်ရာဖြစ်ပါက-

(၁) မူလဖန်တီးရိုက်ကူးသည့် ဓာတ်ပုံဆရာသည် စီးပွားရေးဆိုင်ရာအခွင့်အရေးများ၏ မူလပိုင်ရှင် ဖြစ်ရမည်။

(၂) ဓာတ်ပုံဆရာသည် အခြားတစ်စုံတစ်ယောက်၏ စာဖြင့်ရေးသားထားသော သီးခြားသဘော တူညီချက်ဖြင့် အဖိုးအခယူ၍ ဆောင်ရွက်ခြင်းဖြစ်ပြီး အဆိုပါ သဘောတူညီချက်နှင့် ဆန့်ကျင်ကွဲလွဲမှု မရှိခဲ့လျှင် ဓာတ်ပုံလက်ရာကို ဖန်တီးရန်စေခိုင်းသူသည် စီးပွားရေးဆိုင်ရာအခွင့်အရေးများ၏ မူလ ပိုင်ရှင်ဖြစ်ရမည်။

(င) စာပေ သို့မဟုတ် အနုပညာလက်ရာကို ဖန်တီးရန် အလုပ်ရှင်နှင့် အလုပ်သမားတို့၏ သဘော တူညီချက်အရဖြစ်စေ၊ ထိုသဘောတူညီချက်၏ အကျိုးဆက်အရဖြစ်စေ လုပ်ခလစာဖြင့် အလုပ်ခန့်ထားသော အလုပ်သမားဖြစ်သူက အလုပ်ချိန်အတွင်း စာပေ သို့မဟုတ် အနုပညာလက်ရာကို ဖန်တီးခြင်းဖြစ်ပါက အခြားနည်းဖြင့် သဘောတူညီချက်မရှိလျှင် အလုပ်ရှင်သည် စီးပွားရေးဆိုင်ရာ အခွင့်အရေး၏ မူလပိုင်ရှင်ဖြစ်ရမည်။

Myanmar Law Information System (MLIS)

**ရှင်းလင်းချက်**။ အလုပ်ရှင် ဆိုရာတွင် အလုပ်ရှင်၏ တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ ပုဂ္ဂလိကပိုင်လုပ်ငန်းတွင် အလုပ်ရှင်ကွယ်လွန်ပါက ယင်း၏ အမွေဆက်ခံသူနှင့် အစုရှယ်ယာ တရားဝင် လက်ခံရရှိသူတို့လည်း ပါဝင်သည်။

၂၃။ မူလလက်ရာရှင်နှင့် ၎င်းကို ကိုယ်စားပြုသူနှင့်စပ်လျဉ်း၍-

(က) စာပေ သို့မဟုတ် အနုပညာလက်ရာတစ်ရပ်ရပ်တွင် မူလလက်ရာရှင်က အသုံးပြုနေကျ အမည်ဖြင့် ဖြစ်စေ၊ အမည်ဝှက်၊ အမည်ပွားဖြင့်ဖြစ်စေ ဖော်ပြချက်နှင့်စပ်လျဉ်း၍ဆန့်ကျင်ကွဲလွဲသည့် အထောက် အထားမရှိလျှင် သို့မဟုတ် သံသယဖြစ်ဖွယ်ရာမရှိလျှင် ယင်းပုဂ္ဂိုလ်ကို စာပေ သို့မဟုတ် အနုပညာလက်ရာ၏ မူလလက်ရာရှင်ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) အမည်ဝှက်၊ အမည်ပွား သို့မဟုတ် အမည်မဖော်ပြသည့် စာပေ သို့မဟုတ် အနုပညာလက်ရာတွင်-

(၁) ထုတ်ဝေသူ၏ အမည်ပေါ်လွင်သည့်အပြင် ဆန့်ကျင်ကွဲလွဲသည့် အထောက်အထားမရှိပါက ထုတ်ဝေသူသည် မူလလက်ရာရှင်ကို ကိုယ်စားပြုသည်ဟု မှတ်ယူရမည်ဖြစ်ပြီး မူလလက်ရာရှင်၏ စီးပွားရေးဆိုင်ရာ အခွင့်အရေးနှင့်ကိုယ်ကျင့်သိက္ခာဆိုင်ရာအခွင့်အရေးများ ရရှိရမည်။

(၂) မူလလက်ရာရှင် မည်သူမည်ဝါဟု ထင်ရှားပေါ်ပေါက်လာပါက ပုဒ်မခွဲငယ် (၁) ပါ အခွင့်အရေးသည် ရပ်စဲပြီး ဖြစ်ရမည်။

## အခန်း (၁၂)
## စီးပွားရေးဆိုင်ရာ အခွင့်အရေးများ၏ ကန့်သတ်ချက်နှင့် ကင်းလွတ်ချက်များ

၂၄။ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (က) တွင် မည်သို့ပင် ပါရှိစေကာမူ ပုဂ္ဂိုလ်တစ်ဦးသည် မိမိကိုယ်တိုင် အသုံးပြုရေး အတွက် ထုတ်ဝေပြီးသော စာပေ သို့မဟုတ် အနုပညာလက်ရာ၏ တစ်စိတ်တစ်ဒေသကို အခွင့်အရေး ရရှိသူ၏ ခွင့်ပြုချက်ရယူရန်မလိုဘဲ မူပွားခြင်းပြုနိုင်သည်။ ထိုသို့ မူပွားခြင်းပြုရာတွင် သင့်လျော်မျှတ သည့် အသုံးပြုမှုနှင့်ကိုက်ညီရမည့်အပြင် စာပေ သို့မဟုတ် အနုပညာလက်ရာကို သာမန်အသုံးပြုမှုနှင့် မဆန့်ကျင်စေမည့် သို့မဟုတ် အခွင့်အရေးရရှိသူတစ်ဦးဦး၏ တရားဝင်အကျိုးခံစားခွင့်ကို မလျော်ကန်သောနည်းဖြင့် ထိခိုက်ခြင်းမရှိသည့် မူပွားခြင်းလည်းဖြစ်ရမည်။ သို့ရာတွင် ဤကင်းလွတ်ချက်သည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်ခြင်းမရှိစေရ-

(က) အဆောက်အအုံ သို့မဟုတ် အခြားဆောက်လုပ်မှုပုံစံ ဗိသုကာလက်ရာကိုမူပွားခြင်း၊

(ခ) စာအုပ် သို့မဟုတ် သင်္ကေတပုံစံဖြစ်သည့် ဂီတလက်ရာ၏ တစ်ခုလုံးကိုဖြစ်စေ၊ အဓိကအပိုင်းကို ဖြစ်စေ မူပွားခြင်း၊

(ဂ) အချက်အလက်အစုအဝေး တစ်ခုလုံးကိုဖြစ်စေ၊ အဓိကအစိတ်အပိုင်းကိုဖြစ်စေ ဒီဂျစ်တယ်ပုံစံဖြင့် မူပွားခြင်း၊

(ဃ) ပုဒ်မ ၃၀ တွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်နှင့်ညီညွတ်ခြင်းမရှိသော ကွန်ပျူတာ ပရိုဂရမ်ကို မူပွားခြင်း။

၂၅။ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (က) တွင် မည်သို့ပင်ပါရှိစေကာမူ အောက်ပါအချက်များနှင့် ညီညွတ်ပါက စာပေ သို့မဟုတ် အနုပညာလက်ရာအား ယာယီမူပွားခြင်းကို ခွင့်ပြုရမည်-

(က) စာပေ သို့မဟုတ် အနုပညာလက်ရာကို ဒီဂျစ်တယ်ပို့လွှင့်သည့် လုပ်ငန်းစဉ် ပြုလုပ်ရာတွင်ဖြစ်စေ၊ ဒီဂျစ်တယ်နည်းဖြင့် သိမ်းဆည်းထားသည့် စာပေ သို့မဟုတ် အနုပညာလက်ရာအား ထင်ရှားစွာ သိမြင် နိုင်စေရန် ပြုလုပ်ရာတွင်ဖြစ်စေ မူပွားခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ မူပွားခြင်းပြုလုပ်ရန်အခွင့်ရှိသည့် ပုဂ္ဂိုလ်တစ်ဦးဦးမှ ဆောင်ရွက်ခြင်း။

၂၆။ (က) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (က) တွင် မည်သို့ပင်ပါရှိစေကာမူ ဥပဒေနှင့်အညီ အများပြည်သူရရှိခံစား နိုင်ရန် ထုတ်ဝေထားသည့် စာပေ သို့မဟုတ် အနုပညာလက်ရာ၏ တစ်စိတ်တစ်ဒေသကို ကိုးကားသည့် အနေဖြင့် အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်ရယူရန် မလိုဘဲ မူပွားခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ မူပွားခြင်းသည် သင့်လျော်မျှတသည့် အသုံးပြုမှုနှင့် ကိုက်ညီရမည့်အပြင် မိမိအသုံးပြုလိုသည့် သင့်လျော်သော အရေအတွက်ထက် ကျော်လွန်ခြင်းမရှိစေရ။

(ဂ) ကောက်နုတ်ကိုးကားသည့် စာပေ သို့မဟုတ် အနုပညာလက်ရာတွင် မူလလက်ရာရှင်၏ အမည်ဖော်ပြပါရှိပါက ထိုမူလလက်ရာရှင်၏ အမည်နှင့် ရည်ညွှန်းသည့် အချက်အလက် အထောက်အထားတို့ကို ကိုးကားချက်တွင် ဖော်ပြရမည်။

၂၇။ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (က) တွင် မည်သို့ပင် ပါရှိစေကာမူ အောက်ဖော်ပြပါ အချက်များနှင့် ညီညွတ်သော မူပွားခြင်းကို အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်ရယူရန်မလိုဘဲ ပြုလုပ်ခွင့်ရှိသည်။ သို့ရာတွင် ထိုသို့ မူပွားခြင်းသည် သင့်လျော်မျှတသည့် အသုံးပြုမှုနှင့် ကိုက်ညီသည့်အပြင် မိမိ အသုံးပြုလိုသည့် သင့်လျော်သော အရေအတွက်ထက်ကျော်လွန်မှုမရှိစေရ။ ထို့ပြင်မိတ္တူများပေါ်တွင် မူလလက်ရာရှင်၏ အမည်နှင့် မူပွားခြင်းပြုသော စာပေ သို့မဟုတ် အနုပညာလက်ရာအား ရည်ညွှန်းသည့် အချက်အလက် အထောက်အထားတို့ကို ဖြစ်နိုင်သမျှ ဖော်ပြရမည်-

(က) ထုတ်ဝေပြီးလက်ရာ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်တို့တွင် ပါဝင်သော ဆောင်းပါး၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပညာသင်ကြားရန် ရည်ရွယ်ချက်အတွက် မူပွားခြင်း၊

(ခ) ပညာရေးဆိုင်ရာအဖွဲ့အစည်းများက သင်ကြားပို့ချရာတွင် အသုံးပြုမည့် ပုံနှိပ်ထားသော သင်ရိုးများနှင့် အီလက်ထရောနစ်နည်းစနစ်ဖြင့် ပြုလုပ်ထားသော သင်ရိုးများတွင် ပုဒ်မခွဲ (က) အရ ပြုလုပ်ထားသော မိတ္တူများကို ထည့်သွင်းခြင်း။ (ထိုသို့ အီလက်ထရောနစ်နည်းစနစ်ဖြင့် ပြုလုပ်ထားသော သင်ရိုးများကို အသုံးပြုခွင့်ရှိသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများမှသာ သုံးစွဲနိုင်သည့် လုံခြုံစိတ်ချရသော ကွန်ရက်တွင် ထားရှိရမည်။)

(ဂ) ယင်းသင်ရိုးများကို သင်ယူမည့် ပုဂ္ဂိုလ်များသည် ယင်းတို့ကိုယ်ပိုင် အသုံးပြုရန်အတွက် လည်းကောင်း၊ စာကြည့်တိုက်တွင် အပ်နှံရန်အတွက်လည်းကောင်း ပုံနှိပ်ပုံစံဖြင့်ဖြစ်စေ၊ အီလက်ထရောနစ် ပုံစံဖြင့်ဖြစ်စေရှိသော စာပေ သို့မဟုတ် အနုပညာလက်ရာများ၏ အစိတ်အပိုင်း များကို မိမိတို့ မှတ်တမ်းပြုစုထားသော စာစဉ်၊ သုတေသနစာတမ်းများအတွက် ပေါင်းစပ် အသုံးပြုခြင်း။

၂၈။ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (က) တွင် မည်သို့ပင်ပါရှိစေကာမူ စာကြည့်တိုက်နှင့် မော်ကွန်းတိုက်တစ်ခုခုသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ စီးပွားရေးအကျိုးအမြတ်မဖြစ်စေဘဲ စာပေ သို့မဟုတ် အနုပညာ လက်ရာ တစ်ရပ်ရပ်အား အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက် ရယူရန်မလိုဘဲ အောက်ပါတို့အတွက် မူပွား၍ မိတ္တူတစ်ခုကို ပြုလုပ်နိုင်သည်-



Myanmar Law Information System (MLIS)

(က) မူပွားခြင်းသည် စာပေ သို့မဟုတ် အနုပညာလက်ရာဖြစ်လျှင် ထုတ်ဝေပြီးသော ဆောင်းပါး၊ အခြား စာပေ သို့မဟုတ် အနုပညာလက်ရာ၏ တစ်စိတ်တစ်ဒေသ သို့မဟုတ် ကောက်နုတ်ချက်ဖြစ်ရမည်ဖြစ်ပြီး မူပွားခြင်း၏ ရည်ရွယ်ချက်မှာ ပုဂ္ဂိုလ်တစ်ဦးဦး၏ တောင်းဆိုချက်အရဖြစ်ရမည်။ သို့ရာတွင် ထိုသို့ မူပွားခြင်းမှာ-

(၁) ယင်းမိတ္တူကို လေ့လာရေး၊ ပညာသင်ကြားရေး သို့မဟုတ် ပုဂ္ဂိုလ်ရေးဆိုင်ရာ သုတေသန ပြုလုပ်ရေးအတွက်သာဖြစ်ကြောင်း စာကြည့်တိုက် သို့မဟုတ် မော်ကွန်းတိုက်က ကျေနပ်လက်ခံမှုရှိခြင်း၊

(၂) တစ်ခုနှင့်တစ်ခုကွဲပြားပြီး ဆက်စပ်မှုမရှိပါက သီးခြားစီမူပွားခြင်း။

(ခ) မိတ္တူတစ်ခုကို ထိန်းသိမ်းထားရန်နှင့် လိုအပ်ပါက အစားထိုးရန် ပြုလုပ်ခြင်းဖြစ်လျှင် သော်လည်းကောင်း၊ မိတ္တူတစ်ခုမှာ အခြားအလားတူ စာကြည့်တိုက် သို့မဟုတ် မော်ကွန်းတိုက်က စုဆောင်းရှာဖွေထိန်းသိမ်းရာ၌ ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်း၊ ငှားရမ်းခြင်းပြုရန် အသုံးမပြုနိုင်ခြင်း ကြောင့် မိတ္တူတစ်ခုကို အစားထိုးရန်အတွက်သော်လည်းကောင်း မူပွားခြင်းဖြစ်ရမည်။ သို့ရာတွင် ထိုသို့ မူပွားခြင်းမှာ-

(၁) မိတ္တူတစ်ခုကိုရရှိရန် ကြိုးစားရှာဖွေသော်လည်း မရရှိနိုင်ကြောင်း ခိုင်လုံသော အခြေအနေရှိခြင်း၊

(၂) တစ်ခုနှင့်တစ်ခုကွဲပြားပြီး ဆက်စပ်မှုမရှိပါက သီးခြားစီမူပွားခြင်း။

(ဂ) စာပေ သို့မဟုတ် အနုပညာလက်ရာများကို မိတ္တူပွားရန်နှင့် ထိန်းသိမ်းထားရှိရန် ရည်ရွယ်ချက် အတွက် အောက်ပါအတိုင်းမိတ္တူများကိုပြုလုပ်နိုင်သည်-

(၁) စာကြည့်တိုက် သို့မဟုတ် မော်ကွန်းတိုက်တစ်ခုခုသည် အဖွဲ့အစည်းအတွက် စုဆောင်းမှု ပြုလုပ်ရာတွင် စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ယင်း၏ မိတ္တူမပြည့်စုံခဲ့လျှင်ဖြစ်စေ၊ ဈေးကွက် သို့မဟုတ် ထုတ်ဝေသူထံမှ မရရှိနိုင်လျှင်ဖြစ်စေ လိုအပ်သောအပိုင်းများကို အခြားစာကြည့်တိုက် သို့မဟုတ် မော်ကွန်းတိုက်မှ မိတ္တူကူးယူခြင်း သို့မဟုတ် မိတ္တူကိုရရှိအောင် ဆောင်ရွက်ခြင်းပြုနိုင်သည်။

(၂) စာကြည့်တိုက် သို့မဟုတ် မော်ကွန်းတိုက်သည် အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်ရရှိရန် ကြိုးပမ်း အားထုတ်မှုများ ပြုလုပ်သော်လည်း မရရှိနိုင်လျှင်ဖြစ်စေ၊ ဈေးကွက် သို့မဟုတ် ထုတ်ဝေသူထံမှ မရရှိ နိုင်လျှင်ဖြစ်စေ စာပေ သို့မဟုတ် အနုပညာလက်ရာများကို မိတ္တူ ပြုလုပ်နိုင်သည်။

(၃) ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့နှင့်အညီ ပြုလုပ်ထားသော မိတ္တူများကို အသုံးပြုသူများမှ စာကြည့်တိုက် သို့မဟုတ် မော်ကွန်းတိုက် ပရဝုဏ်အတွင်း လေ့လာခြင်းပြုနိုင်သည်။ ထို့ပြင် စာကြည့်တိုက် သို့မဟုတ် မော်ကွန်းတိုက်သည် အဆိုပါမိတ္တူများကို အသုံးပြုသူများအား ကိုယ်ပိုင်သုံးရန်နှင့် ယင်းပရဝုဏ်အတွင်း လေ့လာခြင်းပြုရန် ငှားရမ်းနိုင်သည်။

(ဃ) စာကြည့်တိုက်များသည် စာတိုက်၊ ဖက်စ် သို့မဟုတ် လုံခြုံစိတ်ချရသော အီလက်ထရောနစ် နည်းဖြင့် ၎င်းတို့တွင်ရှိသည့် လက်ရာ၏ မိတ္တူကို အချင်းချင်းအပြန်အလှန် ထောက်ပံ့ ပေးနိုင်သည်။ သို့ရာတွင် စာပေ သို့မဟုတ် အနုပညာလက်ရာ၏ အီလက်ထရောနစ်ဖိုင် မိတ္တူကို စာရွက် မိတ္တူအဖြစ် ထုတ်ယူပြီးနောက် ယင်းအီလက်ထရောနစ်ဖိုင်မိတ္တူအား ချက်ချင်းဖျက်ပစ်ရမည်။ ထို့ပြင် လက်ခံ ရရှိသော စာကြည့်တိုက်သည်

Myanmar Law Information System (MLIS)

ယင်းစာကြည့်တိုက် အသုံးပြုသူအား စာရွက်မိတ္တူကို ထောက်ပံ့ ပေးနိုင်သည်။ ယင်းကဲ့သို့ မူပွားမိတ္တူ ထုတ်လုပ်ခြင်းနှင့် ထောက်ပံ့ပေးသည့် လုပ်ငန်းစဉ်ကို ထပ်တလဲလဲ လုပ်ဆောင်ခြင်းမပြုရ။

(င) စာကြည့်တိုက် သို့မဟုတ် မော်ကွန်းတိုက် တစ်ခုခုသည် အသုံးပြုသူများအတွက် စာပေ သို့မဟုတ် အနုပညာလက်ရာများအား လိုအပ်သော ဘာသာစကားဖြင့် မရရှိနိုင်သော အခြေအနေတွင် ပညာသင်ကြားရေး သို့မဟုတ် သုတေသနပြုလုပ်ရေးအတွက် တရားဝင်ရရှိထားသော သို့မဟုတ် တရားဝင်အသုံးပြုခွင့်ရရှိထားသော စာပေ သို့မဟုတ်အနုပညာလက်ရာများကို ဘာသာပြန်ဆိုနိုင်သည်။ အဆိုပါ ဘာသာပြန်ဆိုခြင်းသည် အခြားသော ရည်ရွယ်ချက်အတွက် အသုံးပြုခွင့် မရှိစေရ။

(စ) လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုသည် လူနည်းစုသာပြောဆိုသော ဘာသာစကားမှ လည်းကောင်း၊ ယင်းဘာသာစကားသို့လည်းကောင်း စီးပွားရေးအလို့ငှာ မဟုတ်ဘဲ အများပြည်သူ တို့အား သတင်းအချက်အလက်ပေးရန် စာပေ သို့မဟုတ် အနုပညာလက်ရာများကို ဘာသာပြန် ဆိုနိုင်သည်။

၂၉။ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (က)၊ (စ) နှင့် (ဆ) တို့တွင် မည်သို့ပင်ပါရှိစေကာမူ စာပေ သို့မဟုတ် အနုပညာ လက်ရာ၏ အထောက်အထားနှင့် မူလလက်ရာရှင်၏ အမည်ပါရှိလျှင် ယင်း၏အမည်ကိုပါ ရည်ညွှန်း ဖော်ပြပါက အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်ရယူရန်မလိုဘဲ အောက်ပါတို့ကို ပြုလုပ်နိုင်သည်-

(က) ထုတ်ဝေပြီးသည့် သတင်းစာတွင်ဖြစ်စေ၊ ပုံမှန်ထုတ်ဝေသည့် စာစောင်တွင်ဖြစ်စေ ပါရှိသည့် မျက်မှောက်ကာလ နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေးဆိုင်ရာ သတင်းဆောင်းပါးများ သို့မဟုတ် အလားတူသတင်းဆောင်းပါး ထုတ်လွှင့်ချက်များကို သတင်းစာနှင့် ပုံမှန်ထုတ်ဝေသည့်စာစောင်တွင် မူပွားခြင်း သို့မဟုတ် ထုတ်လွှင့်ခြင်း၊ အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း။

**ခြွင်းချက်**။ ဤသို့ ပြုလုပ်ပိုင်ခွင့်သည် မူပွားခြင်းအတွက်သော်လည်းကောင်း၊ ထုတ်လွှင့်ခြင်း သို့မဟုတ် အခြားနည်းဖြင့် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်းအတွက်သော်လည်းကောင်း အတိအလင်း တားမြစ်ထားပါက ထိုသို့ မူပွားခြင်းမပြုရ။

(ခ) လတ်တလော အဖြစ်အပျက်များကို တင်ပြရန်အလို့ငှာ ထုတ်လွှင့်ဖြန့်ချိပြီးဖြစ်သောစာပေ သို့မဟုတ် အနုပညာလက်ရာများ၏ ကောက်နုတ်ချက် တစ်စိတ်တစ်ဒေသကို သင့်လျော်စွာ မူပွားခြင်း သို့မဟုတ် ထုတ်လွှင့်ခြင်း သို့မဟုတ် အခြားနည်းဖြင့် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း။

(ဂ) လတ်တလော သတင်းအချက်အလက်များကို ဖော်ပြရန် ရည်ရွယ်ချက်ဖြင့် အများပြည်သူသို့ ဟောကြားခဲ့သည့် နိုင်ငံရေးပြောကြားချက်၊ ပို့ချချက်၊ မိန့်ခွန်း ပြောကြားချက်၊ တရားဓမ္မဟောကြားချက် သို့မဟုတ် အခြားအလားတူ စာပေ သို့မဟုတ် အနုပညာဆိုင်ရာ ဇာတ်လမ်းဇာတ်ကွက် သုတရသ ဟောပြောချက်များကို သတင်းစာတွင်ဖြစ်စေ၊ ပုံမှန်ထုတ်ဝေသည့် စာစောင်တွင်ဖြစ်စေ၊ အခြား နည်းဖြင့်ဖြစ်စေ ပုံနှိပ်ထုတ်ဝေခြင်း၊ မူပွားခြင်း သို့မဟုတ် ထုတ်လွှင့်ခြင်း၊ အခြားနည်းဖြင့် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း။ သို့ရာတွင် ဤသို့ပြုလုပ်ခြင်းသည် စီးပွားရေးအလို့ငှာ မဟုတ်ဘဲ လိုအပ်သမျှ အတိုင်းအတာထိသာ ဖြစ်ရမည်။

၃၀။ ကွန်ပျူတာပရိုဂရမ်နှင့် စပ်လျဉ်း၍-



Myanmar Law Information System (MLIS)

(က) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့တွင် မည်သို့ပင် ပါရှိစေကာမူ ကွန်ပျူတာပရိုဂရမ်မိတ္တူ၏ တရားဝင်ပိုင်ရှင်သည် အောက်ဖော်ပြပါ အချက်တစ်ခုခုနှင့် ညီညွတ်ပါက အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်မပါဘဲ ကွန်ပျူတာပရိုဂရမ်၏ မိတ္တူတစ်ခုကို မူပွားခြင်း သို့မဟုတ် မှီငြမ်းခြင်းပြုနိုင်သည်-

(၁) ကွန်ပျူတာပရိုဂရမ်ကို ရယူခဲ့ပြီးသည့် ရည်ရွယ်ချက်နှင့် အတိုင်းအတာအထိ ယင်းကွန်ပျူတာ ပရိုဂရမ်အား အသုံးပြုခြင်း၊

(၂) ကွန်ပျူတာပရိုဂရမ်မိတ္တူကို မှတ်တမ်းအဖြစ် ထားရှိရန်နှင့် ကွန်ပျူတာပရိုဂရမ်မိတ္တူမှာ ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်း၊ အသုံးမပြုနိုင်သည့် အခြေအနေရောက်ရှိခြင်းတို့ ဖြစ်ပေါ်သည့်အခါ တရားဝင်ပိုင်ဆိုင်သည့် ကွန်ပျူတာပရိုဂရမ်မိတ္တူကို ပြန်လည်အစားထိုးရန် လိုအပ်ခြင်း၊

(၃) မိမိကိုယ်တိုင် အသုံးပြုရန်အတွက် အရန်အဖြစ်ထားရှိရန် ကွန်ပျူတာပရိုဂရမ်ကို မူပွားခြင်း။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့် ကိစ္စများမှအပ အခြားရည်ရွယ်ချက်တစ်ခုခုအတွက် ကွန်ပျူတာ ပရိုဂရမ်၏ မည်သည့်မိတ္တူ သို့မဟုတ် မူရင်းလက်ရာကိုမျှ မှီငြမ်းခြင်းမပြုရ။ ထို့ပြင် ယင်းကွန်ပျူတာ ပရိုဂရမ်၏မိတ္တူကို ဆက်လက်၍ တရားဝင်လက်ဝယ်ထားပိုင်ခွင့်ရပ်စဲသည့်အခါ အဆိုပါမိတ္တူကိုဖြစ်စေ၊ မှီငြမ်းထားသည့် ကွန်ပျူတာပရိုဂရမ်ကိုဖြစ်စေ ဖျက်ဆီးရမည်။

၃၁။ လူပုဂ္ဂိုလ်တစ်ဦးဦးသည် စီးပွားရေးအကျိုးအမြတ်အတွက် မဖြစ်စေဘဲ အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်ရယူရန် မလိုဘဲ စာပေ သို့မဟုတ် အနုပညာလက်ရာ၏ မိတ္တူကို ပြည်တွင်းသို့ တင်သွင်းခြင်း ပြုနိုင်သည်။

၃၂။ (က) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (က) တွင် မည်သို့ပင် ပါရှိစေကာမူ ထုတ်လွှင့်သည့် အဖွဲ့အစည်းသည် ကိုယ်ပိုင်အထောက်အကူ ပစ္စည်းကိရိယာများဖြင့် ကိုယ်ပိုင်ထုတ်လွှင့်ခြင်းအတွက် ခွင့်ပြုထားသည့် စာပေ သို့မဟုတ် အနုပညာလက်ရာတစ်ခုခု၏ ယာယီ မှတ်တမ်းတင်ခြင်းကို ပြုလုပ်နိုင်သည်။

(ခ) ထူးခြားသော လက္ခဏာရှိသည့် စာပေ သို့မဟုတ် အနုပညာလက်ရာဖြစ်ပါက အဆိုပါ ယာယီ မှတ်တမ်းအား အစိုးရမော်ကွန်းတိုက်သို့ ထိန်းသိမ်းထားရန် ပေးပို့နိုင်သည်။

၃၃။ (က) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (က)၊ (ဂ)၊ (င)၊ (ဆ) ပါ ပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ပါရှိစေကာမူ အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်မရှိဘဲ စာပေ သို့မဟုတ် အနုပညာလက်ရာ၊ ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ်နှင့် ထုတ်လွှင့်ချက်ကို အသုံးပြု၍ရသော ပုံစံမိတ္တူပြုလုပ်ရန်၊ အမြင်အာရုံချို့တဲ့မှုဆိုင်ရာ အကျိုး ခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်များအတွက် ဆောင်ရွက်ပေးသော တာဝန်ရှိအဖွဲ့အစည်း တစ်ခုခုထံမှ ယင်းပုံစံ မိတ္တူကို ရရှိရန်နှင့် စီးပွားရေးအလို့ငှာ မဟုတ်ဘဲငှားရမ်းခြင်း၊ ဝါယာကြိုးဖြင့် သို့မဟုတ် ဝါယာကြိုးမဲ့ နည်းဖြင့် ဆက်သွယ်ခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို အမြင်အာရုံချို့တဲ့မှုဆိုင်ရာ အကျိုး ခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်များအား အဆိုပါမိတ္တူများကို ထောက်ပံ့နိုင်ရေးအတွက် အောက်ဖော်ပြပါ အချက် များနှင့် ကိုက်ညီပါက တာဝန်ရှိအဖွဲ့အစည်းအား ခွင့်ပြုရမည်-

(၁) ပုဒ်မခွဲ (က) ပါလုပ်ငန်းများကိုဆောင်ရွက်ရန် ဆန္ဒရှိသော တာဝန်ရှိအဖွဲ့အစည်းသည် ယင်းစာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် မိတ္တူကို တရားဝင် အသုံးပြုခွင့်ရှိခြင်း၊



Myanmar Law Information System (MLIS)

(၂) စာပေ သို့မဟုတ် အနုပညာလက်ရာများကို အသုံးပြု၍ရသော ပုံစံမိတ္တူသို့ ပြောင်းလဲရာတွင် အမြင်အာရုံချို့တဲ့မှုဆိုင်ရာ အကျိုးခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်နားလည်စေရန် ဆောင်ရွက်ခြင်းမှတစ်ပါး အခြားပြောင်းလဲခြင်းများမပါဝင်ဘဲ အသုံးပြု၍ရသော ပုံစံတွင်ပါဝင်သည့် အချက်အလက်များကို လမ်းညွှန်ပေးခြင်း၊

(၃) ယင်းပုံစံမိတ္တူများကို အမြင်အာရုံချို့တဲ့မှုဆိုင်ရာ အကျိုးခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်များ သီးသန့် အသုံးပြုနိုင်စေရန် ထောက်ပံ့ပေးခြင်း၊

(၄) အကျိုးအမြတ်မပါဘဲ လုပ်ရှားဆောင်ရွက်ခြင်း။

(ခ) အမြင်အာရုံချို့တဲ့မှုဆိုင်ရာ အကျိုးခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်ကိုယ်တိုင်ကဖြစ်စေ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူအပါအဝင် ကိုယ်စားဆောင်ရွက်ပေးနေသော ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ ၎င်းပုဂ္ဂိုလ်များ ကိုယ်ပိုင်အသုံးပြုရေးအတွက် ပုံစံမိတ္တူကို ပြုလုပ်နိုင်သည့်အပြင် တရားဝင်အသုံးပြုခွင့်ရှိသည့် လက်ရာကို လည်းကောင်း၊ လက်ရာ၏မိတ္တူကိုလည်းကောင်း အသုံးပြု၍ရသော ပုံစံမိတ္တူပြုလုပ်ရန်နှင့် အသုံးပြုရန် တို့ကို ကူညီနိုင်သည်။

(ဂ) ထုတ်ဝေပြီးသည့် လက်ရာများကို အမြင်အာရုံချို့တဲ့မှုဆိုင်ရာ အကျိုးခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်များ ရယူသုံးစွဲနိုင်စေရန် အခွင့်အရေးပေးသည့် မာရာကက်ရှ် သဘောတူစာချုပ် (Marrakesh Treaty) အဖွဲ့ဝင်ဖြစ်သော အခြားနိုင်ငံတစ်ခုရှိ တာဝန်ရှိအဖွဲ့အစည်းထံ ၎င်းပုဂ္ဂိုလ်များ အသုံးပြု၍ရသော ပုံစံ မိတ္တူများကို ဖြန့်ချိရန် သို့မဟုတ် ၎င်းပုဂ္ဂိုလ်များ သီးသန့်အသုံးပြုခွင့်ရရန် အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်မပါဘဲ တာဝန်ရှိ အဖွဲ့အစည်းအား ခွင့်ပြုရမည်။

(ဃ) ထုတ်ဝေပြီးသည့် လက်ရာများကို အမြင်အာရုံချို့တဲ့မှုဆိုင်ရာ အကျိုးခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်များ ရယူသုံးစွဲနိုင်စေရန် အခွင့်အရေးပေးသည့် မာရာကက်ရှ်သဘောတူစာချုပ်၏ အဖွဲ့ဝင်ဖြစ်သော အခြား နိုင်ငံတစ်ခုရှိ အမြင်အာရုံချို့တဲ့မှုဆိုင်ရာ အကျိုးခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်များထံ အသုံးပြု၍ရသော ပုံစံ မိတ္တူများကို ဖြန့်ချိရန် သို့မဟုတ် အဆိုပါ ပုံစံမိတ္တူများကို သီးသန့်အသုံးပြုခွင့်ရရန် အခွင့်အရေး ရရှိသူ၏ ခွင့်ပြုချက်မပါဘဲ တာဝန်ရှိ အဖွဲ့အစည်းအား ခွင့်ပြုရမည်။

(င) အမြင်အာရုံချို့တဲ့မှုဆိုင်ရာ အကျိုးခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်များ အသုံးပြု၍ရသော ပုံစံမိတ္တူကို ဖြန့်ချိခြင်း သို့မဟုတ် အသုံးပြုနိုင်ရန် ပြုလုပ်ခြင်းများမပြုမီ ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့ပါ စတင် ဆောင်ရွက်သော တာဝန်ရှိအဖွဲ့အစည်းသည် ယင်းပုံစံမိတ္တူကို အခြားသူများပါ အသုံးပြုနိုင်ကြောင်း မသိ၍ဖြစ်စေ၊ သိရန်အကြောင်းတစ်စုံတစ်ရာ မရှိ၍ဖြစ်စေ ဆောင်ရွက်ခြင်းအား ခွင့်ပြုနိုင်သည်။ ယင်းသို့ ဆောင်ရွက်ခြင်းသည် သီးသန့်ကိစ္စရပ်များအတွက် ဖြစ်ရမည်ဖြစ်ပြီး သာမန်အသုံးပြုမှုနှင့် မဆန့်ကျင် စေဘဲအခွင့်အရေးရရှိသူတစ်ဦးဦး၏ တရားဝင်အကျိုးခံစားခွင့်ကို မလျော့ကန်သောနည်းဖြင့် ထိခိုက်ခြင်း မရှိသည့် ဆောင်ရွက်ချက်ဖြစ်ရမည်။

## အခန်း (၁၃)

## စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို လွှဲပြောင်းခြင်း



Myanmar Law Information System (MLIS)

၃၄။ (က) စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင်သည် စီးပွားရေးဆိုင်ရာ အခွင့်အရေးတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အခြားပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့ အစည်းအား လွှဲပြောင်းခြင်းပြုနိုင်သည်။

(ခ) စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင်သည် စီးပွားရေးဆိုင်ရာ အခွင့်အရေးကို အခြားပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းအား အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းခြင်းပြုနိုင်သည်-

(၁) တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ အမွေဆက်ခံခြင်း၊

(၂) သေတမ်းစာရေးခွင့်ရှိသူက သေတမ်းစာဖြင့်ပေးခြင်း၊

(၃) ပေးကမ်းခြင်း သို့မဟုတ် လှူဒါန်းခြင်း၊

(၄) ပိုင်ဆိုင်ခွင့်ကို တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လွှဲပြောင်းခြင်း၊

(၅) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း။

(ဂ) ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်သည် ယင်းနှင့်သက်ဆိုင်သည့် စီးပွားရေးဆိုင်ရာ အခွင့်အရေးအား အခြားပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းကို ဆက်နွှယ်သည့် အခွင့်အရေးတွင် ပါဝင်သူအားလုံး၏ သဘောတူညီချက်ဖြင့် ပုဒ်မခွဲ (ခ) ပါ နည်းလမ်းတစ်ရပ်ရပ်အရ လွှဲပြောင်းခြင်းပြုနိုင်သည်။

(ဃ) စီးပွားရေးဆိုင်ရာ အခွင့်အရေးကို စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်က လွှဲပြောင်းခြင်းကို စာဖြင့် ရေးသားလက်မှတ်ရေးထိုး၍ ပြုလုပ်ရမည်။

၃၅။ မှတ်ပုံတင်ထားသော စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး များကို လွှဲပြောင်းခြင်း ပြုလုပ်သည့်အခါ-

(က) လွှဲပြောင်းပေးခြင်းခံရသူသည် ထိုသို့ လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) လွှဲပြောင်းခြင်းပြုသည့် မှတ်တမ်းများအား ပြင်ဆင်ရန် သို့မဟုတ် ပယ်ဖျက်ရန် ရှိသည့်အခါ နှစ်ဦး နှစ်ဖက်က အထောက်အထား စာရွက်စာတမ်းများနှင့်အတူ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင် အရာရှိထံ လျှောက်ထားနိုင်သည်။

၃၆။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၃၅ အရ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ အဆိုပါ လွှဲပြောင်းခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကို မှတ်တမ်းတင်ပြီး သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

## အခန်း (၁၄)

## ဖျော်ဖြေသူ၊ ဖိုနိုဂရမ် ထုတ်လုပ်သူနှင့် ထုတ်လွှင့်သည့် အဖွဲ့အစည်းများ၏ ဆက်နွှယ်သည့် အခွင့်အရေးများနှင့် အကာအကွယ်ပေးသည့် သက်တမ်းများ

Myanmar Law Information System (MLIS)

၃၇။ ဖျော်ဖြေသူသည် အောက်ပါပြုလုပ်မှုတစ်ခုခုကို ကိုယ်တိုင်ဆောင်ရွက်ရန် သို့မဟုတ် အခြားပုဂ္ဂိုလ် တစ်ဦးဦးအား ဆောင်ရွက်ခွင့်ပြုရန် စီးပွားရေးဆိုင်ရာ သီးသန့်အခွင့်အရေးကို ရရှိစေရမည်-

(က) အောက်ပါအချက်တစ်ရပ်ရပ်ကို ပြုလုပ်၍ ထုတ်လွှင့်ခြင်း သို့မဟုတ် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်းမှတစ်ပါး အရုပ်အသံပေါင်းစပ် ထည့်သွင်းခြင်းမပြုရသေးသည့် မိမိ၏ ဖျော်ဖြေတင်ဆက်မှုကို ထုတ်လွှင့်ခြင်း သို့မဟုတ် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း-

(၁) ဖျော်ဖြေသူ၏ ခွင့်ပြုချက်ဖြင့် ဖျော်ဖြေတင်ဆက်မှုကို အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်း သို့မဟုတ် သက်ဆိုင်ရာ ဖျော်ဖြေသူ၏ ခွင့်ပြုချက်မပါဘဲ ပုဒ်မ ၄၁ ပါ ကိစ္စရပ်များကို ပြုလုပ်ခြင်း၊

(၂) ဖျော်ဖြေတင်ဆက်မှုကို စတင်ထုတ်လွှင့်သည့် အဖွဲ့အစည်းက ကိုယ်တိုင်ဖြစ်စေ၊ ယင်း၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ ထုတ်လွှင့်ခြင်း၊

(ခ) အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်း မပြုရသေးသည့် မိမိ၏ ဖျော်ဖြေတင်ဆက်မှုကို အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်း၊

(ဂ) မိမိ၏ဖျော်ဖြေတင်ဆက်မှုအား အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်းကို နည်းလမ်း သို့မဟုတ် ပုံစံ တစ်မျိုးမျိုးဖြင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မူပွားခြင်း၊

(ဃ) ဖျော်ဖြေသူက မိမိ၏ ဖျော်ဖြေတင်ဆက်မှုအား အရုပ်အသံ ပေါင်းစပ်ထည့်သွင်းထားသည့် မိတ္တူကို ယင်း၏ ခွင့်ပြုချက်ဖြင့် မည်သည့်နိုင်ငံတွင်မဆို ရောင်းချခြင်း သို့မဟုတ် ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းခြင်း ပြုလုပ်ထားသည်မှတစ်ပါး မိမိ၏ဖျော်ဖြေတင်ဆက်မှုအား အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်းကိုဖြစ်စေ၊ ယင်း၏မိတ္တူများကိုဖြစ်စေ အများပြည်သူသို့ ဖြန့်ချိခြင်း၊

(င) မိမိ၏ဖျော်ဖြေတင်ဆက်မှုအား အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်းကိုဖြစ်စေ၊ ယင်း၏ မိတ္တူများကို ဖြစ်စေ အများပြည်သူသို့ အခကြေးငွေဖြင့် ငှားရမ်းခြင်း၊

(စ) အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်းပြုထားသည့် မိမိ၏ ဖျော်ဖြေတင်ဆက်မှုကို အသုံးပြုခွင့်ရှိသူ တစ်ဦးချင်းစီက ရယူအသုံးပြုလိုသည့် နေရာနှင့်အချိန်၌ ဝါယာကြိုးဖြင့် သို့မဟုတ် ဝါယာကြိုးမဲ့နည်းဖြင့် သို့မဟုတ် အခြားဆက်သွယ်မှုနည်းစနစ် တစ်ခုခုဖြင့် အများပြည်သူသို့ ရရှိခံစားနိုင်စေရန် ပြုလုပ်ခြင်း။

၃၈။ ဖျော်ဖြေသူ၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍-

(က) ဖျော်ဖြေသူသည် မိမိ၏ စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို လွှဲပြောင်းပြီးစေကာမူ မိမိ၏ တိုက်ရိုက်ဖျော်ဖြေတင်ဆက်မှုနှင့် အရုပ်အသံဆိုင်ရာ ကြားခံပစ္စည်း တစ်ခုခုတွင် အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်းပြုသည့် ဖျော်ဖြေတင်ဆက်မှုနှင့် စပ်လျဉ်း၍ အသုံးပြုသည့် နည်းလမ်းအရ စည်းကမ်း ချက်ဖြင့် ချန်လှပ်ထားချက်မှအပ မိမိမှာ ဖျော်ဖြေသူဖြစ်ကြောင်း တောင်းဆိုခွင့်ရှိသည်။ ထို့ပြင် ဖျော်ဖြေသူ သည် မိမိ၏ ဂုဏ်သိက္ခာနှင့် ထင်ရှားကျော်ကြားမှုကို ထိခိုက်စေရန် တစ်နည်းနည်းဖြင့် မိမိ၏ ဖျော်ဖြေ တင်ဆက်မှုကို ချို့ယွင်းစေခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ပျက်စေခြင်းကို ကန့်ကွက်ပိုင်ခွင့်ရှိသည်။

Myanmar Law Information System (MLIS)

(ခ) ဤပုဒ်မအရ ဖျော်ဖြေသူများ၏ စီးပွားရေးဆိုင်ရာ အခွင့်အရေးအား အကာအကွယ်ပေးရမည့် ကာလသည် ဖျော်ဖြေတင်ဆက်မှုကို အရုပ်အသံဆိုင်ရာ ကြားခံပစ္စည်းတစ်ခုခုတွင် အရုပ်အသံ ပေါင်းစပ် ထည့်သွင်းခြင်းပြုသည့် နှစ်နှင့် တစ်ဆက်တည်းဖြစ်သော နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့်နေ့အထိ သော်လည်းကောင်း၊ ထိုသို့ အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်းမပြုသည့် ကိစ္စတွင် ဖျော်ဖြေသည့် နှစ်ကုန်ဆုံး သည့်အချိန်မှစ၍ နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့်နေ့အထိသော်လည်းကောင်း ဖြစ်ရမည်။ ဖျော်ဖြေသူများ၏ ကိုယ်ကျင့်သိက္ခာဆိုင်ရာ အခွင့်အရေးအား အကာအကွယ်ပေးရမည့်ကာလသည် ဆက်နွယ်သည့် အခွင့်အရေး ပိုင်ရှင်သက်ရှိထင်ရှားရှိစဉ် ကာလအပြင် ကွယ်လွန်ပြီးသည့်နေ့ရက်မှ အကန့်အသတ်မရှိ ကာလအထိ ဖြစ်သည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ဖျော်ဖြေသူများအား ၎င်းတို့၏ ဖျော်ဖြေတင်ဆက်မှုနှင့်စပ်လျဉ်း၍ ပိုမိုဦးစားပေးသည့် စည်းကမ်းချက်များ သတ်မှတ်ပြီး ပဋိညာဉ်စာချုပ် ချုပ်ဆိုခြင်းအပေါ် သက်ရောက်မှု မရှိစေရ။

၃၉။ ဖိုနိုဂရမ်ထုတ်လုပ်သူ၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍-

(က) ထုတ်လုပ်သူသည် အောက်ပါပြုလုပ်မှုတစ်ခုခုကို ကိုယ်တိုင်ဆောင်ရွက်ရန် သို့မဟုတ် အခြားသူ တစ်ဦးဦးအား ဆောင်ရွက်ခွင့်ပြုရန် စီးပွားရေးဆိုင်ရာ သီးသန့်အခွင့်အရေးများ ရရှိရမည်-

(၁) ဖိုနိုဂရမ်ကို မည်သည့်နည်းလမ်း သို့မဟုတ် ပုံစံနှင့်မဆို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မူပွားခြင်း၊

(၂) ဖိုနိုဂရမ်မိတ္တူများကို ပြည်တွင်းသို့ တင်သွင်းခြင်း၊

(၃) ထုတ်လုပ်သူသည် မိမိ၏ခွင့်ပြုချက်ဖြင့် မည်သည့်နိုင်ငံတွင်မဆို ရောင်းချပြီးသော သို့မဟုတ် ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းထားပြီးဖြစ်သော ဖိုနိုဂရမ်မူရင်း သို့မဟုတ် မိတ္တူမှတစ်ပါး ဖိုနိုဂရမ်၏ မူရင်း သို့မဟုတ် မိတ္တူများကို အများပြည်သူသို့ ဖြန့်ချိခြင်း၊

(၄) ဖိုနိုဂရမ်မိတ္တူများကို အများပြည်သူသို့ အခကြေးငွေဖြင့် ငှားရမ်းခြင်း၊

(၅) ဖိုနိုဂရမ်ကို အသုံးပြုခွင့်ရှိသူ တစ်ဦးချင်းစီက ရယူအသုံးပြုလိုသည့် နေရာနှင့် အချိန်၌ ဝါယာကြိုးဖြင့် သို့မဟုတ် ဝါယာကြိုးမဲ့နည်းဖြင့် အများပြည်သူသို့ ရရှိခံစားနိုင်စေရန် ပြုလုပ်ခြင်း။

(ခ) ဖိုနိုဂရမ်ကိုထုတ်ဝေသည့် အချိန်မှစတင်၍ ထိုသို့ ထုတ်ဝေသည့်နှစ်နှင့် တစ်ဆက်တည်းဖြစ်သော နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့် နေ့ရက်အထိသော်လည်းကောင်း၊ ဖိုနိုဂရမ်ကို ထုတ်ဝေခြင်းမပြုရသေးလျှင် ဖိုနိုဂရမ်ကို ပထမအကြိမ် အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်းပြုသည့်နှစ်နှင့် တစ်ဆက်တည်းဖြစ်သော နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့် နေ့ရက်အထိသော်လည်းကောင်း ဤဥပဒေအရ ဖိုနိုဂရမ် ထုတ်လုပ်သူများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရမည်။

၄၀။ ထုတ်လွှင့်သည့် အဖွဲ့အစည်း၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍-

(က) ထုတ်လွှင့်သည့် အဖွဲ့အစည်းသည် အောက်ပါပြုလုပ်မှုတစ်ခုခုကို ကိုယ်တိုင်ဆောင်ရွက်ရန် သို့မဟုတ် အခြားသူတစ်ဦးဦးအား ဆောင်ရွက်ခွင့်ပြုရန် စီးပွားရေးဆိုင်ရာ သီးသန့်အခွင့်အရေးများကို ရရှိစေရမည်-

(၁) ထုတ်လွှင့်ချက်ကို ထပ်မံထုတ်လွှင့်ခြင်း၊

(၂) ထုတ်လွှင့်ချက်ကို အများပြည်သူသို့ ဆက်သွယ် ပို့လွှင့်ခြင်း၊

Myanmar Law Information System (MLIS)

(၃) ထုတ်လွှင့်ချက်ကို အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်း၊

(၄) ထုတ်လွှင့်ချက်ကို အရုပ်အသံ ပေါင်းစပ်ထည့်သွင်းခြင်းအား မူပွားခြင်း။

(ခ) အများပြည်သူမှ တိုက်ရိုက်ဖမ်းယူကြည့်ရှုနိုင်ရန်မရည်ရွယ်သည့် ဂြိုလ်တုမှ ထုတ်လွှင့်ချက်ကို တရားဝင်လက်ခံရယူနိုင်သည့် အဖွဲ့အစည်းမှ ဖမ်းယူပြီး ကေဘယ်လ်ကြိုးဖြင့်ဖြစ်စေ၊ ဆက်သွယ်ပို့လွှင့်ခြင်းဖြင့်ဖြစ်စေ ဆက်သွယ်ပို့လွှင့်နိုင်သည်။ ထိုသို့ ဆက်သွယ်ပို့လွှင့်ခြင်းကို အဆိုပါ အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်နိုင်သည်။

(ဂ) ဤပုဒ်မအရ ထုတ်လွှင့်သည့် အဖွဲ့အစည်းများ၏ အခွင့်အရေးများကို စတင်ထုတ်လွှင့်သည့်အချိန်မှ စ၍ ထိုနှစ်နှင့် တစ်ဆက်တည်းဖြစ်သော နှစ်ပေါင်း ၂၀ ကုန်ဆုံးသည့် နေ့ရက်အထိ အကာအကွယ် ပေးရမည်။

၄၁။ ပုဒ်မ ၃၇၊ ၃၈၊ ၃၉၊ ၄၀ နှင့် ၄၂ တို့ပါ အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များသည် အောက်ပါပြုလုပ်မှုများနှင့် သက်ဆိုင်ခြင်းမရှိစေရ-

(က) လတ်တလော သတင်းအချက်အလက်များကို သတင်းအဖြစ်ပေးပို့ရန် သင့်လျော်မျှတသည့် ကောက်နုတ်ချက် တစ်စိတ်တစ်ဒေသကို အသုံးပြုခြင်း၊

(ခ) သိပ္ပံပညာရပ်ဆိုင်ရာ သုတေသနပြုလုပ်ရန်အတွက်သာ မူပွားခြင်း၊

(ဂ) ပညာသင်ကြားရေးနှင့် သင်ကြားမှုအထောက်အကူပစ္စည်းအဖြစ် ထုတ်ဝေပြီးဖြစ်သော ဖျော်ဖြေ တင်ဆက်မှုနှင့် ဖိုနိုဂရမ်တို့အတွက်မှတစ်ပါး မျက်နှာချင်းဆိုင်ပညာသင်ကြားရေးအတွက်သာ ရည်ရွယ်လျက် မူပွားခြင်း၊

(ဃ) ဤဥပဒေအခန်း (၁၂) ပါ ပြဋ္ဌာန်းချက်များအရ အသုံးပြုသည့် စာပေ သို့မဟုတ် အနုပညာ လက်ရာများတွင် ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ် သို့မဟုတ် ထုတ်လွှင့်ချက်များကို ထည့်သွင်းအသုံးပြု ခြင်း။

**ခြွင်းချက်။** အဆိုပါပြုလုပ်မှုများသည် သာမန်အသုံးပြုမှုနှင့် မဆန့်ကျင်စေရမည့်အပြင် အခွင့်အရေး ရရှိသူ တစ်ဦးဦး၏ တရားဝင်အကျိုးခံစားခွင့်ကို မလျော်ကန်သောနည်းဖြင့် ထိခိုက်ခြင်း မရှိစေရ။

၄၂။ (က) စီးပွားရေးအလို့ငှာ ရည်ရွယ်၍ ဖြန့်ချိထားသော သို့မဟုတ် ထုတ်လုပ်ထားသော ဖိုနိုဂရမ် တစ်ခုကို အသံလွှင့်ခြင်း သို့မဟုတ် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း သို့မဟုတ် အများပြည်သူကို ဖျော်ဖြေတင်ဆက်ခြင်းတို့တွင် အသုံးပြုပြီးပါက ဖျော်ဖြေသူ သို့မဟုတ် ဖျော်ဖြေသူများနှင့် ဖိုနိုဂရမ် ထုတ်လုပ်သူတို့အား မျှတသည့် အခကြေးငွေကို နှစ်ဖက်သဘောတူညီချက်အတိုင်း အသုံးပြုသူက ပေးဆောင်ရမည်။

(ခ) ဖျော်ဖြေသူများနှင့် ဖိုနိုဂရမ်ထုတ်လုပ်သူတို့ အချင်းချင်းအခြားနည်းဖြင့် သဘောတူညီမှုမရှိလျှင် ပုဒ်မခွဲ (က) အရ အသုံးပြုမှုအတွက် ရရှိသည့်အခကြေးငွေအား ထုတ်လုပ်သူမှ သက်ဆိုင်သူများအား သတ်မှတ်ချက်များနှင့်အညီ ခွဲဝေပေးရမည်။

(ဂ) ဤပုဒ်မအရ ဖိုနိုဂရမ်အသုံးပြုမှုအတွက် ရရှိမည့် အခကြေးငွေဆိုင်ရာ အခွင့်အရေးများကို ဖိုနိုဂရမ် စတင်ထုတ်ဝေသည့် အချိန်မှစ၍ ထိုနှစ်နှင့် တစ်ဆက်တည်းဖြစ်သော နှစ်ပေါင်း ၅၀ ကုန်ဆုံးသည့် နေ့ရက်အထိ အကာအကွယ်ပေးရမည်။ အဆိုပါ ဖိုနိုဂရမ်ကိုမူ ပုဒ်မ ၃၉၊ ပုဒ်မခွဲ (ခ) အရ ဆက်လက် ကာကွယ်မှုပေးမည်။

Myanmar Law Information System (MLIS)

(ဃ) ဤပုဒ်မအရ ဝါယာဖြင့်ဖြစ်စေ၊ ဝါယာကြိုးမဲ့နည်းဖြင့်ဖြစ်စေ အများပြည်သူ ရရှိခံစားနိုင်စေရန် ပြုလုပ်ထားသော ဖိုနိုဂရမ်များကို အသုံးပြုခွင့်ရှိသူတစ်ဦးချင်းစီက ရယူအသုံးပြုလိုသည့် နေရာနှင့် အချိန်တို့၌ အသုံးပြုနိုင်ရန် ပြုလုပ်ခြင်းအား စီးပွားရေးအလို့ငှာ ထုတ်ဝေခြင်းဟု မှတ်ယူရမည်။

## အခန်း (၁၅)

## စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးများစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်များနှင့် နည်းပညာဖြင့်ကာကွယ်ထားသော အစီအမံများကို အကာအကွယ်ပေးခြင်း

၄၃။ (က) စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးများ စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်များနှင့်စပ်လျဉ်း၍-

(၁) အီလက်ထရောနစ် သတင်းအချက်အလက်တစ်ရပ်ရပ်ကို အခွင့်အရေးရရှိသူ၏ သဘောတူညီချက် မပါဘဲဖယ်ရှားခြင်း သို့မဟုတ် ပြောင်းလဲခြင်းမပြုရ၊

(၂) ဤဥပဒေအရ အကာအကွယ်ပေးထားသည့် စာပေ သို့မဟုတ် အနုပညာလက်ရာများ သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာလက်ရာများ သို့မဟုတ် အခြားကိစ္စရပ်များအပေါ် ပုဒ်မခွဲငယ် (၁) အရ ဖယ်ရှားခြင်း သို့မဟုတ် ပြောင်းလဲခြင်းပြုလုပ်ပြီးနောက် ဖြန့်ချိခြင်း၊ ဖြန့်ချိရန် တင်သွင်းခြင်း၊ ထုတ်လွှင့်ခြင်း သို့မဟုတ် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်းမပြုရ။

(ခ) ပုဒ်မခွဲ (က) ပါ အချက်များသည် ပြည်သူလူထုနှင့် သက်ဆိုင်သော မူဝါဒ သို့မဟုတ် လုံခြုံမှု အတွက် ဥပဒေအရ ခွင့်ပြုထားသော နိုင်ငံတော်အစိုးရ၏ မည်သည့်ဆောင်ရွက်မှုကိုမျှ သက်ဆိုင်ခြင်း မရှိစေရ။

၄၄။ နည်းပညာဖြင့် ကာကွယ်ထားသော အစီအမံများနှင့်စပ်လျဉ်း၍-

(က) ထိရောက်သော နည်းပညာဖြင့် ကာကွယ်ထားသော အစီအမံများမှ ရှောင်လွှဲခြင်း၊ ရှောင်ရှားခြင်း၊ ဖယ်ရှားခြင်း၊ သက်ရောက်မှုမရှိစေခြင်း၊ ပျက်စီးစေခြင်းမပြုရ၊

**ရှင်းလင်းချက်။** နည်းပညာဖြင့် ကာကွယ်ထားသော အစီအမံများမှ ရှောင်လွှဲခြင်းဆိုရာတွင် ပုံစံဖျက် ထားသော စာပေ သို့မဟုတ် အနုပညာလက်ရာများ သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ လက်ရာများအား မူရင်းပုံစံ ပြန်လည်ရရှိစေရန် ပြုလုပ်ခြင်းတို့ပါဝင်သည်။

(ခ) ထိရောက်သော နည်းပညာဖြင့် ကာကွယ်ထားသော အစီအမံများမှ ရှောင်လွှဲရန်၊ ရှောင်လွှဲမှုကို ဖြစ်မြောက်စေရန် သို့မဟုတ် ပံ့ပိုးနိုင်ရန် ရည်ရွယ်၍ စီးပွားရေးအလို့ငှာ ပြုလုပ်ထားသည့် ပစ္စည်း ကိရိယာများ၊ ထုတ်ကုန်များ၊ ပစ္စည်းအစိတ်အပိုင်းများ သို့မဟုတ် ဝန်ဆောင်မှုများကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ချိခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချရန် သို့မဟုတ် ငှားရမ်းရန်အတွက် ကြော်ငြာခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း မပြုရ။

၄၅။ (က) ပုဒ်မ ၄၄ တွင် မည်သို့ပင်ဆိုစေကာမူ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က)၊ (ခ)၊ ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၃၃ တို့ပါ အချက်များနှင့် ကိုက်ညီသော ကန့်သတ်ချက်နှင့် ကင်းလွတ်ချက်ကို ခံစားခွင့်ရှိသူများ သည် နည်းပညာဖြင့်

ကာကွယ်ထားသော အစီအမံများဖြင့် ပြုလုပ်ထားသည့်လက်ရာကို အသုံးပြုနိုင်ရန် အတွက် အဆိုပါ အစီအမံများမှ ရှောင်လွှဲနိုင်သည့် အခွင့်အရေးကို ခံစားခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) ပါ အချက်များသည် သဘောတူစာချုပ်ပါ စည်းကမ်းချက်အရ အသုံးပြုခွင့်ရှိသူ တစ်ဦးချင်းစီက ရယူအသုံးပြုလိုသည့် နေရာနှင့် အချိန်၌ အသုံးပြုနိုင်ရန် ပြုလုပ်ထားသော စာပေ သို့မဟုတ် အနုပညာလက်ရာများ သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ လက်ရာများ သို့မဟုတ် အခြားစာပေနှင့် အနုပညာဆိုင်ရာကိစ္စရပ်များအပေါ် သက်ဆိုင်ခြင်းမရှိစေရ။

## အခန်း (၁၆)

## စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးများကို မှတ်ပုံတင်ခြင်း

၄၆။ ဤဥပဒေအရ မူလလက်ရာရှင် သို့မဟုတ် စာပေနှင့် အနုပညာမူပိုင်ခွင့် ပိုင်ရှင် တစ်ဦးဦးသည် စာပေ နှင့် အနုပညာမူပိုင်ခွင့် အခွင့်အရေးရရှိကြောင်း ခိုင်လုံသော သက်သေအထောက်အထား ရှိစေရန်အလို့ငှာ စာပေ သို့မဟုတ် အနုပညာလက်ရာကို မှတ်ပုံတင်လိုပါက သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၄၇။ မှတ်ပုံတင်အရာရှိသည် စာပေ သို့မဟုတ် အနုပညာလက်ရာကို မှတ်ပုံတင်ပေးရန် လျှောက်ထား ချက်ကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိသော လျှောက်ထားချက်နှင့်စပ်လျဉ်း၍ လိုအပ်သလို ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည်တင်ပြရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

၄၈။ စာပေနှင့် အနုပညာမူပိုင်ခွင့်မှတ်ပုံတင်ရန် လျှောက်ထားသူသည်-

(က) မှတ်ပုံတင်အရာရှိက မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်မချမှတ်မီဖြစ်စေ၊ မှတ်ပုံတင် အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ အေဂျင်စီက ဆုံးဖြတ်ချက်မချမှတ်မီဖြစ်စေ လျှောက်ထားချက် သို့မဟုတ် စာရွက်စာတမ်း အထောက်အထား တစ်ခုခုတွင်ပါရှိသည့် စာအရေးအသား အမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်လိုပါက သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး ပြင်ဆင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိက မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက် မချမှတ်မီဖြစ်စေ၊ မှတ်ပုံတင် အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ အေဂျင်စီက ဆုံးဖြတ်ချက် မချမှတ်မီဖြစ်စေ စာပေ သို့မဟုတ် အနုပညာလက်ရာကို မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ရုပ်သိမ်းနိုင်သည်။

၄၉။ ပုဒ်မ ၄၇ အရ အကြောင်းကြားစာ လက်ခံရရှိသော်လည်း လျှောက်ထားသူက အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လိုအပ်ချက်များကို ဆောင်ရွက်တင်ပြခြင်းမရှိလျှင် စာပေ သို့မဟုတ် အနုပညာလက်ရာကို မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ရုပ်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၅၀။ သတ်မှတ်ချက်နှင့် ညီညွတ်သော စာပေ သို့မဟုတ် အနုပညာလက်ရာကို မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိသည်-

Myanmar Law Information System (MLIS)

(က) ပုဒ်မ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ပါ အချက်များနှင့်ကိုက်ညီမှု ရှိ မရှိ စစ်ဆေးပြီးနောက် မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို စာပေနှင့် အနုပညာမူပိုင်ခွင့် မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး လျှောက်ထားသူထံ အကြောင်းကြားရမည့်အပြင် မှတ်ပုံတင်ရန် ခွင့်ပြုပါက သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဂ) မှတ်ပုံတင်ရန်ခွင့်ပြုပါက စာပေနှင့်အနုပညာမူပိုင်ခွင့် မှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၅၁။ (က) စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်သည် ယင်း၏ မှတ်ပုံတင်လက်မှတ်မူရင်း ပျက်စီး သို့မဟုတ် ပျောက်ဆုံးပါက မိတ္တူမှန်ထုတ်ပေးရန် သတ်မှတ်ထားသော အခကြေးငွေ ပေးသွင်းပြီး မှတ်ပုံတင် အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိသည် စိစစ်၍ စာပေနှင့် အနုပညာမူပိုင်ခွင့် မှတ်ပုံတင်လက်မှတ် မိတ္တူမှန်ကို ထုတ်ပေးရမည်။

၅၂။ စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်သည် မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော စာအရေး အသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုကိုလည်းကောင်း၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများ ကိုလည်းကောင်း ပြင်ဆင်ပေးရန် သတ်မှတ်ထားသည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၅၃။ ဆက်နွယ်သည့် အခွင့်အရေးပိုင်ရှင်သည် ဆက်နွယ်သည့် အခွင့်အရေးရှိကြောင်း ခိုင်လုံသော သက်သေအထောက်အထား ရရှိစေရန်အလို့ငှာ ဖျော်ဖြေတင်ဆက်မှုနှင့် ဖိုနိုဂရမ်တို့ကို မှတ်ပုံတင်လိုပါက ဤအခန်းပါ မှတ်ပုံတင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၅၄။ စာပေနှင့် အနုပညာဆိုင်ရာမူပိုင်ခွင့်သည်လည်းကောင်း၊ ဖျော်ဖြေသူ၊ ဖိုနိုဂရမ်ထုတ်လုပ်သူနှင့် ထုတ်လွှင့်သည့် အဖွဲ့အစည်းများ၏ ဆက်နွယ်သည့် အခွင့်အရေးများသည်လည်းကောင်း ဤဥပဒေအရ မှတ်ပုံတင်သည်ဖြစ်စေ၊ မတင်သည်ဖြစ်စေ ဤဥပဒေပါ အခွင့်အရေးများကို ရရှိစေရမည်။

## အခန်း (၁၇)

## စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးများကို မှတ်ပုံတင်ခြင်းအား ပယ်ဖျက်ခြင်း

၅၅။ မှတ်ပုံတင်ထားသော စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးနှင့် စပ်လျဉ်းသည့် အခွင့်အရေးတစ်ခုခုသည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အများအကျိုးကို ထိခိုက်ကြောင်း တွေ့ရှိပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် အဆိုပါ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက် ရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၅၆။ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ လျှောက်ထားချက်အရ အောက်ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတွေ့ရှိပါက စာပေနှင့် အနုပညာမူပိုင်ခွင့် မှတ်ပုံတင်ထား ခြင်း သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးအား မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ရမည်-

(က) ပုဒ်မ ၁၆ ပါ အကာအကွယ်ပေးခြင်းမခံရသည့် စာပေ သို့မဟုတ် အနုပညာလက်ရာဖြစ်ကြောင်း ပေါ်ပေါက်လာခြင်း၊

(ခ) မူလလက်ရာရှင် သို့မဟုတ် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေး ပိုင်ရှင်သည် မှတ်ပုံတင်ခွင့်ရထိုက်သူ မဟုတ်ကြောင်း ပေါ်ပေါက်လာခြင်း။

Myanmar Law Information System (MLIS)

(ဂ) စာပေနှင့် အနုပညာမူပိုင်ခွင့်မှတ်ပုံတင်လက်မှတ် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးမှတ်ပုံတင် လက်မှတ်ကို လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ မမှန်မကန်တင်ပြ၍ဖြစ်စေ၊ သတ်မှတ်ထားသော အရေးပါ သည့် အချက်အလက်တစ်ရပ်ရပ်ကို ထိမ်ချန်၍ဖြစ်စေ ရယူထားကြောင်း ပေါ်ပေါက်လာခြင်း၊

(ဃ) စာပေနှင့် အနုပညာမူပိုင်ခွင့် မှတ်ပုံတင် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးမှတ်ပုံတင် ပယ်ဖျက်ရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ မူပိုင်ခွင့်တရားရုံး၏ အပြီးသတ် ဆုံးဖြတ်ချက် သို့မဟုတ် စီရင်ချက်ကို လက်ခံရရှိခြင်း။

၅၇။ မှတ်ပုံတင်အရာရှိသည် စာပေနှင့်အနုပညာမူပိုင်ခွင့် မှတ်ပုံတင်စာရင်း သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေး မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီးပါက အဆိုပါ ပယ်ဖျက်ခြင်းကို မှတ်တမ်းတင်၍ စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးပိုင်ရှင်ထံ အကြောင်းကြားပြီး သတ်မှတ် ထားသော နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

## အခန်း (၁၈)

## အယူခံခြင်း

၅၈။ (က) မှတ်ပုံတင်အရာရှိက ဤဥပဒေအရ ချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူ သည် ယင်းဆုံးဖြတ်ချက်ကို ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း အေဂျင်စီထံ အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အယူခံမှုတွင် အေဂျင်စီသည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် သက်သေခံ အထောက်အထားများ ထပ်မံရယူရန် ညွှန်ကြားခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ သက်သေခံအထောက်အထား ထပ်မံရယူတင်ပြလာလျှင် အေဂျင်စီသည် မှတ်ပုံတင် အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်း ပြုနိုင်သည်။

၅၉။ အေဂျင်စီကချမှတ်သော ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် အကြောင်းကြား စာကိုလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ဤကိစ္စအလို့ငှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းထားသည့် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။

## အခန်း (၁၉)

## စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းကို ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၆၀။ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းကို ဖွဲ့စည်းလိုသူသည်-



Myanmar Law Information System (MLIS)

(က) သတ်မှတ်ထားသည့် စာပေနှင့်အနုပညာမူပိုင်ခွင့်ကဏ္ဍအလိုက် စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း ကို တည်ထောင်ခွင့်ပြုရန် အေဂျင်စီသို့ မိမိတို့ အဖွဲ့အစည်း၏ ဖွဲ့စည်းပုံ၊ စည်းမျဉ်းစည်းကမ်းနှင့်အတူ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းကို ဖွဲ့စည်းရေးအတွက် လျှောက်ထားရာတွင် စာပေနှင့် အနုပညာ မူပိုင်ခွင့် ကဏ္ဍအလိုက် သက်ဆိုင်ရာကျွမ်းကျင်သော ပညာရှင်တို့ကို အဖွဲ့ဝင်အဖြစ် ပါဝင်လျက် ဖွဲ့စည်း နိုင်သည်။

၆၁။ အေဂျင်စီသည်-

(က) ပုဒ်မ ၆၀ အရ လျှောက်ထားချက်ကို စိစစ်ပြီး စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) သတ်မှတ်ထားသည့် စာပေနှင့် အနုပညာ မူပိုင်ခွင့် ကဏ္ဍအလိုက် ဖွဲ့စည်းခွင့်ပြုထားသော စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ လိုအပ်ပါက ညှိနှိုင်းပေါင်းစပ်ပေးခြင်းပြုနိုင်သည်။

၆၂။ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းသည် သက်ဆိုင်ရာစာပေနှင့် အနုပညာမူပိုင်ခွင့် ကဏ္ဍအလိုက်-

(က) စာပေနှင့် အနုပညာဆိုင်ရာ ဖန်တီးမှုများကို အားပေးမြှင့်တင်သည့် လုပ်ငန်းများကို ဆောင်ရွက်ရ မည်။

(ခ) မူလလက်ရာရှင်နှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေး ပိုင်ရှင်တို့၏ အခွင့်အရေးများ ရရှိရေးအတွက်လည်းကောင်း၊ ယင်းအခွင့်အရေးများ ထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ အကာအကွယ်ပေးရေးအတွက်လည်းကောင်း စေ့စပ်ညှိနှိုင်းဖြေရှင်းပေးခြင်း ပြုနိုင်သည်။

(ဂ) မူလလက်ရာရှင်နှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေး ပိုင်ရှင်တို့က အပ်နှံသည့် စာပေ သို့မဟုတ် အနုပညာလက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ် များကို လက်ခံခြင်းနှင့် အသုံးပြုသူများထံမှ သင့်တင့်မျှတသော အခကြေးငွေကောက်ခံပြီး ထိုသူတို့အား ပြန်လည်ခွဲဝေပေးခြင်း ပြုနိုင်သည်။

(ဃ) လိုအပ်သောစာပေ သို့မဟုတ် အနုပညာလက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ်များကို မပျောက်ပျက်စေရေးအတွက် မူလလက်ရာရှင်၊ စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ် သည့် အခွင့်အရေးပိုင်ရှင်၏ ဆန္ဒအရသော်လည်းကောင်း၊ ဝယ်ယူခြင်းဖြင့်သော်လည်းကောင်း စုဆောင်း ခြင်းနှင့် ထိန်းသိမ်းခြင်းပြုနိုင်သည်။

(င) ပြည်ပရှိ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံ ခန့်ခွဲသည့် အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်၍ အကူအညီများရယူခြင်းနှင့် အကူအညီပေးခြင်းတို့ ပြုနိုင်သည်။

(စ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ သတ်မှတ်ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့် အေဂျင်စီမှ သတ်မှတ်ထုတ်ပြန်ထားသော စည်းကမ်းချက်များ၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

Myanmar Law Information System (MLIS)

## အခန်း (၂၀)

## မူပိုင်ခွင့်တရားရုံးတည်ထောင်ခြင်း

၆၃။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည်-

(က) မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုမှုများကို စစ်ဆေးစီရင်ရန် သင့်လျော်သော နယ်မြေဒေသတွင် မူပိုင်ခွင့်တရားရုံးများ တည်ထောင်၍ တရားသူကြီးများကို ခန့်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခန့်ထားသည့် တရားသူကြီးများအား မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်နိုင်ရန် စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ မူပိုင်ခွင့် တရားရုံးများကို တည်ထောင်ခြင်းမပြုမီ မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် သင့်လျော်သော တရားရုံးအား မူပိုင်ခွင့်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းနိုင်သည်။

(ဃ) မူပိုင်ခွင့်တရားရုံးများက ချမှတ်သော စီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်များအပေါ် အယူခံမှု၊ ပြင်ဆင်မှုများကို စီရင်ပိုင်ခွင့်ရှိသည့် မူပိုင်ခွင့်တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

(င) ပုဒ်မ ၅၉ အရ လျှောက်ထားချက်များကို စစ်ဆေးစီရင်ရန် သင့်လျော်သည့် မူပိုင်ခွင့် တရားရုံးသို့ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များအပ်နှင်းရမည်။

## အခန်း (၂၁)

## စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးကို အကောက်ခွန်ဦးစီးဌာနက အကာအကွယ်ပေးခြင်း

၆၄။ အခွင့်အရေးရရှိသူသည် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ချိုးဖောက်ထားသည်ဟု စွပ်စွဲခံရသော ပစ္စည်းကို နိုင်ငံတော် နယ်နိမိတ်အတွင်းသို့ တင်သွင်းထားကြောင်း သို့မဟုတ် တင်သွင်းလျက်ရှိကြောင်း သို့မဟုတ် တင်သွင်းရန်ရှိကြောင်း သံသယဖြစ်ဖွယ်ရာ အထောက် အထားရှိပါက အဆိုပါပစ္စည်းများ ကုန်သွယ်မှုလမ်းကြောင်း အတွင်းသို့ လွတ်လပ်စွာဝင်ရောက်ခွင့်ပြုခြင်း ကို ဆိုင်းငံ့မိန့်ထုတ်ပေးရန် သတ်မှတ်ချက်နှင့်အညီ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားနိုင်သည်။

၆၅။ (က) အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည်-

(၁) ပုဒ်မ ၆၄ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ တွင်း ယင်းလျှောက်လွှာကို လက်ခံကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

(၂) လျှောက်ထားချက်ကို စိစစ်ရန် လိုအပ်သော သတင်းအချက်အလက်များမပြည့်စုံခဲ့လျှင် လျှောက်ထားသူမှ အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့မှ ၁၅ ရက်အတွင်း သတင်းအချက်အလက်များ ထပ်မံဖြည့်စွက်ပေးပို့စေရန် ယင်း၏ ဆုံးဖြတ်ချက်ကို လျှောက်ထားသူထံ အကြောင်းကြားစာ ပေးပို့၍ ရွှေ့ဆိုင်းရမည်။

(၃) လျှောက်ထားချက်ကို လက်ခံရာတွင် အာမခံချက်တစ်ရပ်ကို အကောက်ခွန် ဦးစီးဌာနတွင် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားသူမှ ပေးရန် သတ်မှတ်နိုင်သည်။

(၄) လျှောက်ထားချက်ကို ငြင်းပယ်ခဲ့လျှင် အကြောင်းပြချက်ကို ရှင်းလင်းစွာ ဖော်ပြရမည်။

(ခ) လျှောက်ထားသူသည် ပိုမိုတိုတောင်းသော အချိန်ကာလတစ်ခုကို တောင်းဆိုခြင်းမပြုခဲ့လျှင် ပုဒ်မခွဲ (က) ပါ လုပ်ဆောင်မှုများသည် ခြောက်လအထိ သက်ရောက်မှုရှိစေရမည်။

၆၆။ (က) အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၆၅ အရ လျှောက်ထားချက်ကို လက်ခံပြီးနောက်ဖြစ်စေ၊ အကောက်ခွန်ဦးစီးဌာန၏ စစ်ဆေးတွေ့ရှိချက်အရဖြစ်စေ စာပေနှင့်အနုပညာ မူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးချိုးဖောက်ပြီး တင်သွင်းသော ပစ္စည်းဖြစ်သည်ဟု ယူဆနိုင်သောခိုင်လုံသည့် အထောက်အထားများရှိလျှင် အဆိုပါပစ္စည်းများ ကုန်သွယ်မှုလမ်းကြောင်း အတွင်းသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့ထားရမည်။ ယင်းသို့ ဆိုင်းငံ့ထားခြင်းကို လျှောက်ထားသူနှင့် တင်သွင်းသူတို့အား ချက်ချင်းအကြောင်းကြားရမည်။

(ခ) အဆိုပါ ပစ္စည်းသည် စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးချိုးဖောက် ထားသော ပစ္စည်းဖြစ်ကြောင်း လျှောက်ထားသူ၏ တောင်းဆိုချက် မှန်ကန်ကြောင်း သက်သေပြရန် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် လျှို့ဝှက်သတင်းအချက်အလက်များအား မပေါက်ကြား စေဘဲ ဆိုင်းငံ့ထားသောပစ္စည်းများကို လျှောက်ထားသူနှင့် တင်သွင်းသူတို့အား လုံလောက်သော စစ်ဆေးခွင့်ပြုရမည်။

၆၇။ (က) လျှောက်ထားသူထံ ဆိုင်းငံ့မိန့်ကို အသိပေးအကြောင်းကြားသည့်နေ့မှ ၁၅ ရက်အတွင်း လျှောက်ထားသူက အမှုကိစ္စ အမှားအမှန်အပေါ် ဆုံးဖြတ်နိုင်ရန် အရေးယူဆောင်ရွက်ခြင်းကို စတင် ဆောင်ရွက်နေကြောင်း သို့မဟုတ် မူပိုင်ခွင့် တရားရုံးမှ ပစ္စည်းစီးဆင်းမှု ဆိုင်းငံ့သည့် ယာယီ အရေးယူ ဆောင်ရွက်ချက်များသည် ကြန့်ကြာနေကြောင်း အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ အကြောင်းကြားခဲ့ခြင်းမရှိလျှင် ယင်းပစ္စည်းကို ကင်းလွတ်ခွင့်ပြုရမည်။ သင့်လျော်သော ကိစ္စရပ်များတွင် ထိုသတ်မှတ်သည့် အချိန်ကာလကို ၁၅ ရက် မကုန်ဆုံးမီ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ဖြင့် ၁၅ ရက် ထပ်မံတိုးနိုင်သည်။

(ခ) ပျက်စီးလွယ်သော ပစ္စည်းဖြစ်ပါက သတ်မှတ်ကာလသည် သုံးရက်ဖြစ်သည်။

၆၈။ ဆိုင်းငံ့မိန့်အကြောင်းကြားစာကို လက်ခံရရှိပြီးနောက် တင်သွင်းသူသည် ဆိုင်းငံ့မိန့်ကို မကျေနပ် ပါက သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသည့် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။ မူပိုင်ခွင့် တရားရုံး သည် ပြန်လည်စိစစ်ရန် အခွင့်အရေးတောင်းဆိုသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဆိုင်းငံ့ကာလကို ပြင်ဆင်ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် အတည်ပြုခြင်းပြုလုပ်ရမည်။

၆၉။ မူပိုင်ခွင့်တရားရုံးက စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ချိုးဖောက်ထားသော ပစ္စည်းများ မှန်ကန်ကြောင်း ဆုံးဖြတ်ခဲ့လျှင် တင်သွင်းသူသည် အဆိုပါ ပစ္စည်း များအား ထိန်းသိမ်းခြင်း၊ ဖျက်ဆီးခြင်း၊ ဖယ်ရှားခြင်းတို့အတွက် ကုန်ကျစရိတ်များကို အကောက်ခွန် ဦးစီးဌာနသို့ ပေးဆောင်ရမည်။

၇၀။ မူပိုင်ခွင့် တရားရုံးက စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ချိုးဖောက်ထားသော ပစ္စည်းများ မဟုတ်ကြောင်း ဆုံးဖြတ်ခဲ့လျှင် အဆိုပါပစ္စည်းများကို မှားယွင်းစွာ ဆိုင်းငံ့ခြင်းနှင့်

ယာယီထိန်းသိမ်းခြင်းတို့ကြောင့် ဖြစ်ပေါ်သည့် နစ်နာကြေးကို မူပိုင်ခွင့် တရားရုံးမှ သတ်မှတ်ဆုံးဖြတ်သည့် ပမာဏအတိုင်း လျှောက်ထားသူမှ တင်သွင်းသူထံ ပေးဆောင်ရမည်။

၇၁။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ချိုးဖောက်ထားသော ပစ္စည်းများကို စီးပွားရေးအလို့ငှာ မဟုတ်ဘဲ ပစ္စည်းတင်သွင်းသူက ကိုယ်ပိုင်သုံးရန် ရည်ရွယ်၍ ခရီးသည်ဝန်စည် အနေဖြင့် ယူဆောင်လာသော ပစ္စည်းများနှင့်သော် လည်းကောင်း၊ နည်းဥပဒေတွင် သတ်မှတ်ဖော်ပြထားသော တင်သွင်းတင်ပို့လာသော ပစ္စည်းများနှင့် သော်လည်းကောင်း သက်ဆိုင်ခြင်း မရှိစေရ။

၇၂။ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးချိုးဖောက်ထားသော ပစ္စည်းများနှင့်စပ်လျဉ်း၍ ကမ္ဘာ့အကောက်ခွန် အဖွဲ့နှင့် လည်းကောင်း၊ အခြားနိုင်ငံမှ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်လည်းကောင်း၊ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း များနှင့်လည်းကောင်း သတင်းအချက်လက်များဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်သည်။

## အခန်း (၂၂)

## စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးကို ထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ မူပိုင်ခွင့်တရားရုံး၏ လုပ်ပိုင်ခွင့်များ

၇၃။ (က) အခွင့်အရေးရရှိသူသည် နစ်နာမှုအတွက် တရားမကြောင်းအရ ပုဒ်မ ၇၄ နှင့် ၇၅ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ချမှတ်ပေးရန် မူပိုင်ခွင့်တရားရုံးတွင် အထွေထွေမှု လျှောက်ထားနိုင်သည်။

(ခ) အခွင့်အရေးရရှိသူသည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူပေးရန် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။

၇၄။ (က) မူပိုင်ခွင့်တရားရုံးသည် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ထိပါးချိုးဖောက်မှုများနှင့် စပ်လျဉ်း၍ ပုဒ်မ ၇၃၊ ပုဒ်မခွဲ (က) အရ လျှောက်ထားလာပါက တရားမ ကြောင်းအရ ကုစားဆောင်ရွက်ရန် အောက်ပါ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(၁) စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးထိပါးချိုးဖောက်ခြင်းကို ကာကွယ်တားဆီးရန်နှင့်အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်အရပ်ရပ် ပေးဆောင်၍ ရှင်းလင်းထုတ်ယူပြီးသည့် သွင်းကုန်ပစ္စည်းများအပါအဝင် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးထိပါးချိုးဖောက်ထားသော ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို ကာကွယ်တားဆီးရန် သင့်သည်ထင်မြင်သည့် အမိန့်၊

Myanmar Law Information System (MLIS)

(၂) စွပ်စွဲခံရသော စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးထိပါးချိုးဖောက် မှုနှင့် သက်ဆိုင်သည့် သက်သေခံအထောက်အထားများကို မူလအခြေအနေမပျက် ထိန်းသိမ်းထားရန် သင့်သည်ထင်မြင်သည့် အမိန့်၊

(၃) သက်ဆိုင်ရာ အကောက်ခွန်ဦးစီးဌာနက ထုတ်ထားသည့် ဆိုင်းငံ့မိန့်ကို ပြင်ဆင်ရန်၊ ပယ်ဖျက်ရန် သို့မဟုတ် အတည်ပြုရန် အမိန့်။

(ခ) မူပိုင်ခွင့်တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ပေးရန်အတွက် လျှောက်ထားသူထံမှ အောက်ပါ တို့ကို တင်သွင်းရန် ညွှန်ကြားနိုင်သည်-

(၁) လျှောက်ထားသူမှာ အခွင့်အရေးရရှိသူဖြစ်ကြောင်း၊ ယင်း၏ အခွင့်အရေးကို ထိပါးချိုးဖောက်နေ ကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာရှိကြောင်း ထင်ရှားစေရန် ခိုင်လုံသည့် အထောက် အထားများကို တင်ပြစေခြင်း၊

(၂) ယာယီအရေးယူဆောင်ရွက်မှုကို အလွဲသုံးစားပြုခြင်းမှ ကာကွယ်တားဆီးရန်အတွက် လုံလောက် သည့် အာမခံတင်သွင်းစေခြင်း။

(ဂ) မူပိုင်ခွင့်တရားရုံးသည် ပုဒ်မခွဲ (က) ပါ အမိန့်အရ ယာယီအရေးယူဆောင်ရွက်မှုများကို ဆောင်ရွက်ရာတွင် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးထိပါးချိုးဖောက် သည်ဟု စွပ်စွဲခံရသော ပစ္စည်းများကို ခွဲခြားသတ်မှတ်နိုင်ရန် နောက်ထပ် လိုအပ်သော မည်သည့် သတင်းအချက်အလက်ကို မဆိုတင်သွင်းရန် လျှောက်ထားသူကို ထပ်မံညွှန်ကြားနိုင်သည်။

(ဃ) မူပိုင်ခွင့်တရားရုံးသည် လျှောက်ထားတောင်းဆိုခဲ့သည့် ယာယီ အရေးယူဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်ခဲ့သည့် နေ့မှစ၍ ထိခိုက်နစ်နာမှု အပေါ် အမှုကို အပြီးအပြတ် ဆုံးဖြတ်နိုင်ရန်အတွက် မူပိုင်ခွင့်တရားရုံးက သတ်မှတ်ထားသည့် သင့်လျော်သော ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ထားခြင်းမရှိခဲ့လျှင် ယာယီအရေးယူဆောင်ရွက်ရန် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တရားစွဲဆိုမှုကို တရားမကြောင်းအရ တရားစွဲဆိုခြင်းမရှိလျှင် ပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ) ကို မထိခိုက်စေဘဲ ပုဒ်မ ၇၄၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၇၅၊ ပုဒ်မခွဲ (က) တို့အရ ချမှတ်ထားသော ယာယီ အရေးယူဆောင်ရွက်ချက်များကို လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ ရုပ်သိမ်းရမည် သို့မဟုတ် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်။

(င) မူပိုင်ခွင့်တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ချက်များကို ရုပ်သိမ်းလျှင်ဖြစ်စေ၊ လျှောက်ထား သူ၏ ပျက်ကွက်မှု သို့မဟုတ် ပြုလုပ်မှုတစ်ရပ်ရပ်ကြောင့် ရပ်စဲလျှင်ဖြစ်စေ၊ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေး ထိပါးချိုးဖောက်ခြင်း မရှိကြောင်း သို့မဟုတ် ထိပါးချိုးဖောက် ရန် အလားအလာမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ အဆိုပါ အရေးယူဆောင်ရွက်ချက်များကြောင့် ပေါ်ပေါက်သော ထိခိုက်နစ်နာမှုများအတွက် သင့်လျော်သော လျော်ကြေးကို လျှောက်ထားသူက လျှောက်ထားခံရသူသို့ပေးစေရန် အမိန့်ချမှတ်နိုင်သည်။



Myanmar Law Information System (MLIS)

၇၅။ (က) မူပိုင်ခွင့်တရားရုံးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် တစ်ဖက်သတ် ယာယီအရေးယူ ဆောင်ရွက်သည့် အမိန့်များကို ချမှတ်နိုင်သည်-

(၁) အခွင့်အရေးရရှိသူကို ကုစား၍မရနိုင်သော ထိခိုက်နစ်နာမှုကိုဖြစ်စေ တန်ရာသည့် နှောင့်နှေး ကြန့်ကြာမှု တစ်စုံတစ်ရာရှိခြင်း၊

(၂) သက်သေခံအထောက်အထားများ ပျက်စီးဆုံးရှုံးမည့်အန္တရာယ် အမှန်တကယ် ကျရောက်နေခြင်း။

(ခ) မူပိုင်ခွင့်တရားရုံးသည် တစ်ဖက်သတ်ယာယီအရေးယူဆောင်ရွက်ရာတွင်-

(၁) ဆောင်ရွက်ပြီးလျှင်ပြီးချင်း နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ကို လျှောက်ထားခံရသူထံ အသိပေးအကြောင်းကြားရမည်။

(၂) မူပိုင်ခွင့်တရားရုံးက သတ်မှတ်သည့် အချိန်ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ချက် မရှိခဲ့လျှင် အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အကြောင်းကြားခံရသူက လိုက်နာခြင်း မရှိလျှင် ယင်းအရေးယူ ဆောင်ရွက်ချက်များကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

(ဂ) မူပိုင်ခွင့် တရားရုံးသည် ယင်းအရေးယူဆောင်ရွက်ချက်များအပေါ် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းတို့အား ဆုံးဖြတ်ပေးရန် လျှောက်ထားခံရသူများ၏ တောင်းဆိုချက်အရ နှစ်ဖက်ကြားနာ၍ ပြန်လည်စစ်ဆေးခြင်းတစ်ရပ်ကို သင့်လျော်သည့် ကာလအတွင်း ဆောင်ရွက်ရမည်။

၇၆။ (က) စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ တရားမဥပဒေနှင့် တရားမကျင့်ထုံးဥပဒေတို့ကို မထိခိုက်စေဘဲ ပုဒ်မ ၇၃၊ ပုဒ်မခွဲ (ခ) အရ စွဲဆိုမှုတွင် မူပိုင်ခွင့်တရားရုံးသည် အောက်ပါအမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ် နိုင်သည်-

(၁) အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန် အရပ်ရပ်ပေးဆောင်၍ ရှင်းလင်းထုတ်ယူပြီး တင်သွင်း လာမည့် စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေး ထိပါးချိုးဖောက် ထားသည့် ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို ကာကွယ် တားဆီးခြင်းအပါအဝင် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေး ထိပါး ချိုးဖောက်မှုအတွက် တားမြစ်သည့် အမိန့်၊

(၂) (កက) စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးထိပါးချိုးဖောက်ခြင်း ကြောင့် ဖြစ်ပေါ်လာသော အခွင့်အရေး ရရှိသူ၏ ထိခိုက်နစ်နာမှုများအတွက် ထိပါးချိုးဖောက်သူမှ အခွင့် အရေးရရှိသူထံ လုံလောက်သော နစ်နာကြေးကို ပေးဆောင်စေရန်အတွက် ချမှတ်သည့် အမိန့် သို့မဟုတ် သင့်လျော်သော ကိစ္စရပ်များတွင် အခွင့်အရေးရရှိသူမှ ကြိုတင် သတ်မှတ်တောင်းဆိုထားသော နစ်နာ ကြေးကိုဖြစ်စေ၊ ချိုးဖောက်သူမှ ရယူခံစားခဲ့သော အကျိုးအမြတ်ကိုဖြစ်စေ၊ နှစ်ရပ်လုံးကိုဖြစ်စေ ပြန်လည် ပေးစေရန် အမိန့်၊

(ခခ) အခွင့်အရေးရရှိသူ၏ တရားစရိတ်နှင့် ရှေ့နေစရိတ်တို့ အပါအဝင် သင့်လျော်သော ကုန်ကျစရိတ် များကို ပေးဆောင်စေရန်အမိန့်၊

(၃) အခွင့်အရေးရရှိသူကို ထိခိုက်နစ်နာမှု မရှိစေရန်အလို့ငှာ လျော်ကြေးတစ်စုံတစ်ရာ ပေးဆောင်ခြင်း မရှိဘဲ စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးချိုးဖောက်သော ပစ္စည်းများ ကို ကုန်သွယ်မှုလမ်းကြောင်းမှ ဖယ်ရှားရန် သို့မဟုတ် ဖျက်ဆီးရန် ချမှတ်သည့် အမိန့်၊

(၄) စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးချိုးဖောက်ထားသော ပစ္စည်းများ ပြုလုပ်ရာတွင် အဓိကအသုံးပြုသော ပစ္စည်းကိရိယာ တန်ဆာပလာများကို ကုန်သွယ်မှု လမ်းကြောင်းမှ ဖယ်ရှားရန် သို့မဟုတ် ဖျက်ဆီးရန်ချမှတ်သည့် အမိန့်။

(ခ) မူပိုင်ခွင့်တရားရုံးသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) နှင့် (၄) တို့ အရ အမိန့်တစ်ခုခုကိုချမှတ်ရန် စဉ်းစားရာတွင် အဆိုပါအမိန့်နှင့် စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေး ထိပါးချိုးဖောက်မှု အတိုင်းအတာကို အချိုးညီစွာ ချင့်ချိန်ဆုံးဖြတ်ရမည်ဖြစ်ပြီး အခြားအကျိုးသက်ဆိုင် သူများ၏ အကျိုးစီးပွားကိုလည်း ထည့်သွင်းစဉ်းစားရမည်။

၇၇။ စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးထိပါးချိုးဖောက်ခံရသည်ဟု မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်တိုင်ကြားကြောင်းပေါ်ပေါက်လျှင် ယင်းသို့ တိုင်ကြားခြင်းကြောင့် မှားယွင်းစွာဟန့်တားခံရသည့် လျှောက်ထားခံရသူကို လျှောက်ထားသူက လျော်ကြေးပေးရမည့်အပြင် လျှောက်ထားခံရသူ၏ ကျသင့်သော ရှေ့နေစရိတ်အပါအဝင် တရားစရိတ်နှင့် အခြားကုန်ကျစရိတ် များကို လျှောက်ထားသူက ပေးဆောင်စေရန် မူပိုင်ခွင့်တရားရုံးက အမိန့်ချမှတ်နိုင်သည်။

၇၈။ (က) မူပိုင်ခွင့်တရားရုံးသည် အောက်ပါအခြေအနေများတွင် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ သင့်လျော်သော ကိစ္စရပ်များတွင် လျှို့ဝှက်သတင်းအချက်အလက်များကို အကာအကွယ် ပေးလျက် သက်သေခံအထောက်အထားများကို တစ်ဖက်အမှုသည်က တင်ပြရန် အမိန့်ချမှတ်နိုင်သည်-

(၁) အခွင့်အရေးရရှိသူက ယင်း၏ တောင်းဆိုချက်များကို လုံလောက်စွာ အထောက်အကူပြုနိုင်မည့် ခိုင်လုံသည့် သက်သေခံ အထောက်အထားကို တင်ပြထားသောအခါ၊

(၂) ယင်းတောင်းဆိုချက်များနှင့်စပ်ဆိုင်သည့် ခိုင်လုံသော သက်သေခံအထောက်အထားများသည် တစ်ဖက် အမှုသည်၏ လက်ဝယ်တွင်ရှိကြောင်း တိကျစွာဖော်ပြထားသောအခါ။

(ခ) ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ မိမိအလိုအလျောက် ထိပါးချိုးဖောက်မှုတွင် မူပိုင်ခွင့် တရားရုံး သည် အောက်ပါအခြေအနေများ၌ ထိခိုက်နစ်နာသူနှင့် ထိပါးချိုးဖောက်သူတို့၏ စွပ်စွဲချက်များ သို့မဟုတ် သက်သေခံအထောက်အထားများအရ ကြားနာခွင့်ပေးပြီး ၎င်းတို့၏ အပြန်အလှန်စွပ်စွဲ ငြင်းဆိုသည့် အချက်များ အပါအဝင် သတင်းအချက်အလက်များအပေါ် အခြေခံ၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်းစသည့် ပဏာမနှင့် အပြီးသတ်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည်-

(၁) လိုအပ်သည့် သတင်းအချက်အလက်များကိုရယူရာတွင် ငြင်းဆိုလျှင်၊

(၂) သင့်လျော်သော အချိန်ကာလအတွင်း လိုအပ်သော သတင်းအချက်အလက်ကို မပေးပို့နိုင်လျှင်၊

(၃) အရေးယူဆောင်ရွက်မှုနှင့်စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို သိသာစွာ ဟန့်တားလျှင်။

Myanmar Law Information System (MLIS)

၇၉။ မူပိုင်ခွင့်တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်တွင် ငွေဒဏ် ချမှတ်ခဲ့ ပါက ယင်းချမှတ်သော ငွေဒဏ်အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း နစ်နာကြေးအဖြစ် နစ်နာသူအားပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၈၀။ တရားစွဲဆိုရန် အကြောင်းတစ်ရပ်တည်းကိုအခြေပြု၍ ပြစ်မှုကြောင်းနှင့် တရားမကြောင်းနှစ်ရပ် လုံးဖြင့် စွဲဆိုပါက မူပိုင်ခွင့်တရားရုံးသည် တရားမမှုတွင် ထိခိုက်နစ်နာမှုအတွက် နစ်နာကြေးပေးစေရန် စီရင်ချက်၊ အမိန့်နှင့် ဒီကရီချမှတ်သည့်အခါ ပုဒ်မ ၇၉ အရ ချမှတ်သည့် ငွေဒဏ်မှ နစ်နာကြေးအဖြစ် ပေးခဲ့သော ငွေကြေးကို ခုနှိမ်ပေးရမည်။

၈၁။ မူပိုင်ခွင့်တရားရုံးသည် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ထိပါး ချိုးဖောက်ခြင်းအတွက် အရေးယူဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဤဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် သက်သေခံအက်ဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံးဥပဒေနှင့် အခြားစပ်ဆိုင်သည့် တည်ဆဲဥပဒေတို့ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

## အခန်း (၂၃)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၈၂။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းအောက်မနည်းသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်-

(က) အခွင့်အရေးရရှိသူ၏ သဘောတူခွင့်ပြုချက်မပါဘဲ စီးပွားရေးအလို့ငှာ-

(၁) စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး အကာအကွယ်ပေးခံရသည့် လက်ရာကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မူပွားခြင်း၊ အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်းနှင့် အများပြည်သူသို့ ဖြန့်ချိခြင်း၊

(၂) စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးချိုးဖောက်ထားသော ပစ္စည်း များကို လက်ဝယ်ပိုင်ဆိုင်ခြင်း သို့မဟုတ် ရောင်းဝယ်ဖောက်ကားခြင်း၊

(၃) စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးချိုးဖောက်ထားသော ပစ္စည်း များကို မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းခြင်း၊

(၄) ပုဒ်မ ၄၃ နှင့် ၄၄ တို့ပါ တားမြစ်ထားသော ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း။

(ခ) စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးချိုးဖောက်ထားသော ပစ္စည်း များကို ထုတ်လုပ်ရာတွင် အဓိကအသုံးပြုလျက်ရှိသော ပစ္စည်းကိရိယာ တန်ဆာပလာတစ်ခုခုကို လက်ဝယ်ပိုင်ဆိုင်ခြင်း။

၈၃။ မည်သူမဆို ပုဒ်မ ၈၂ ပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး နောက်အဆိုပါပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ၁၀ နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၁၀၀ ထက် မပို သော ငွေဒဏ်လည်း ချမှတ်နိုင်သည်။

Myanmar Law Information System (MLIS)

၈၄။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂ဝ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်-

(က) စာပေနှင့် အနုပညာမူပိုင်ခွင့် မှတ်ပုံတင်လက်မှတ် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ မှတ်ပုံတင်လက်မှတ်ကို မမှန်မကန်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း၊

(ခ) စာပေနှင့်အနုပညာ မူပိုင်ခွင့်မှတ်ပုံတင်စာရင်း သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း။

၈၅။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် ပူးပေါင်းပါဝင်လျှင်ဖြစ်စေ၊ အားပေး ကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်အတိုင်း ချမှတ်ခြင်းခံရမည်။

## အခန်း (၂၄)

## အထွေထွေ

၈၆။ ဤဥပဒေအရ အကာအကွယ်ပေးသည့် သက်တမ်းကုန်ဆုံးသွားသည့် စာပေ သို့မဟုတ် အနုပညာ လက်ရာ သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာလက်ရာကို အများပြည်သူပိုင်ဟု မှတ်ယူရမည်။ ထိုအများပြည်သူပိုင်လက်ရာကို မည်သူမဆို မူလလက်ရာရှင်၊ စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်၏ ခွင့်ပြုချက်မလိုဘဲ လွတ်လပ်စွာအသုံးပြုနိုင်သော်လည်း စာပေ သို့မဟုတ် အနုပညာလက်ရာကို အသုံးပြုသူသည် မူလလက်ရာရှင်၏ အမည်နှင့် ဂုဏ်သိက္ခာဆိုင်ရာ အခွင့်အရေးကို ထိခိုက်ခြင်း မရှိစေရ။

၈၇။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် The Myanmar Copyright Act, 1914 အရ သက်တမ်းမကုန်ဆုံး သေးသော စာပေနှင့် အနုပညာမူပိုင်ခွင့်သည် ဤဥပဒေတွင် သတ်မှတ်ထားသည့် စာပေနှင့် အနုပညာ မူပိုင်ခွင့်သက်တမ်းနှင့်အညီ စာပေနှင့်အနုပညာမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ ဆက်လက်ခံစားခွင့် ရှိရမည်။

၈၈။ ဤဥပဒေအာဏာမတည်မီက ဖျော်ဖြေသူ၊ ဖိုနိုဂရမ်ထုတ်လုပ်သူနှင့် ထုတ်လွှင့်သည့် အဖွဲ့အစည်း များ၏ ဆက်နွှယ်သည့် အခွင့်အရေးသည် ဤဥပဒေ အခန်း (၁၄) တွင် သတ်မှတ်ထားသည့် သက်တမ်း နှင့်အညီ ခံစားခွင့်ရှိရမည်။

၈၉။ ဤဥပဒေပြဋ္ဌာန်းချက်များသည် ဥပဒေအာဏာ စတင်သက်ရောက်မည့်နေ့မတိုင်မီက စာချုပ် ချုပ်ဆိုခဲ့သော လက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ်များနှင့် ထုတ်လွှင့်ခြင်းတို့အတွက် စာချုပ် စာတမ်းအပေါ် သက်ရောက်မှုမရှိစေရ။

၉၀။ ဤဥပဒေအာဏာသက်ရောက်သည့် နေ့မတိုင်မီ စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်၏ ခွင့်ပြုချက်မပါဘဲ အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ပြုလုပ်ထားသော မိတ္တူများကို ဥပဒေအာဏာသက်ရောက်သည့်နေ့မှ နှစ်နှစ်အတွင်း စာပေနှင့်အနုပညာ မူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်၏ ခွင့်ပြုချက်မပါဘဲ ပြည်သူလူထုသို့ ဖြန့်ချိခွင့်ပြုနိုင်သည်။

Myanmar Law Information System (MLIS)

၉၁။ မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပြီး တံဆိပ်ရိုက်နှိပ်ထားသော စာပေနှင့် အနုပညာမူပိုင်ခွင့်မှတ်ပုံတင်လက်မှတ်မိတ္တူ သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ မှတ်ပုံတင်လက်မှတ် မိတ္တူနှင့် အထောက်အထားစာရွက်စာတမ်းများကို သက်ဆိုင်ရာမူပိုင်ခွင့်တရားရုံးတွင် သက်သေခံအဖြစ် တင်ပြခွင့်ရှိသည်။

၉၂။ မူပိုင်ခွင့်တရားရုံးသည် စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေး ချိုးဖောက်ထားသော ပစ္စည်းများနှင့် ပြစ်မှုကျူးလွန်ရာတွင် ပြစ်မှုကျူးလွန်ခြင်းနှင့် သက်ဆိုင်သော ကိရိယာတန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန်၊ ဖျက်ဆီးစေရန် သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်စေရန် သင့်လျော်သည်ထင်မြင်သည့် စီမံခန့်ခွဲမှုအမိန့်တစ်ရပ်ကို ချမှတ်နိုင် သည်။

၉၃။ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (က) တွင် မည်သို့ပင်ပါရှိစေကာမူ စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာလက်ရာကို ပြည်သူလူထု၏လုံခြုံရေးနှင့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ စာအုပ်စာတမ်းများ သို့မဟုတ် သင့်လျော်သော ဆောင်ရွက်ချက်များ အတွက် နိုင်ငံတော်မှ အသုံးပြုနိုင်သည်။

၉၄။ ဤဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများဟု သတ်မှတ်သည်။

၉၅။ စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေး အငြင်းပွားသူ ပုဂ္ဂိုလ်များ အကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို နှစ်ဦးနှစ်ဖက် ချစ်ကြည်စွာ ညှိနှိုင်းဖြေရှင်းခြင်းဖြင့် ဖြစ်စေ၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့်ဖြစ်စေ၊ တရားစွဲဆိုခြင်းဖြင့်ဖြစ်စေ ဖြေရှင်းနိုင်သည်။

၉၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် ဝန်ကြီးဌာနသည် ဗဟိုကော်မတီနှင့် အေဂျင်စီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကိုလည်း ကျခံရ မည်။

၉၇။ ဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဗဟိုကော်မတီအဖွဲ့ဝင်၊ အေဂျင်စီအဖွဲ့ဝင်နှင့် လုပ်ငန်း အဖွဲ့ဝင်တို့၏ ချီးမြှင့်ငွေနှင့်စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ် ပေးရမည်။

၉၈။ ဤဥပဒေပါ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော် သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။

၉၉။ ဝန်ကြီးဌာနသည် အေဂျင်စီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဦးစီးဌာနနှင့် ၎င်း၏ မူပိုင်ခွင့်ဆိုင်ရာ နယ်ပယ်အလိုက် ဌာနခွဲများကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၁၀၀။ ဤဥပဒေအရ ဖွဲ့စည်းတည်းထောင်သည့် ဗဟိုကော်မတီနှင့်အေဂျင်စီတို့သည် မူပိုင်ခွင့်ဥပဒေ အားလုံးအတွက် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

၁၀၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးနှင့် သက်ဆိုင်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည်-

Myanmar Law Information System (MLIS)

(၁) နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(၂) အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) အကောက်ခွန်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နေသော ဝန်ကြီးဌာနသည် အကောက်ခွန်ဆိုင်ရာ နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန် နိုင်သည်။

(ဃ) အေဂျင်စီနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၁၀၂။ The Myanmar Copyright Act, 1914 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ပုံ (ဝင်းမြင့်)
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Myanmar Law Information System (MLIS)